# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ ဧပြီ ၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၉၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀)ရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀)ရှိ ဆေးကုသဆောင်များအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ ညနေပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)ရှိ ဆေးကုသဆောင်များနှင့် ဝန်ထမ်းအိမ်ရာများ၌ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုဖြစ်ပွားစဉ် ထိခိုက်ပျက်စီးခဲ့ရမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။


*စာမျက်နှာ ၄ ကော်လံ ၁ ➲*


**ယနေ့ ဖတ်စရာ**



**ဩစတြေးလျအစိုးရမှ လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ ရောက်ရှိ**


စာ ၃


**ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ**


စာ ၁၃






**ဗီယက်နမ်အစိုးရထံက လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ ရောက်ရှိ**


စာ ၁၆

မြန်မာ့အလင်း

# စာနာထောက်ထားမှုကင်းမဲ့သည့် အကြမ်းဖက်အမြတ်ထုတ်လုပ်ရပ်

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်ကြီးကြောင့်ဖြစ်ပေါ်လာသည့်သဘာဝဘေးအန္တရာယ်မှာ လွန်စွာကြီးမားလှသည်။ ငလျင်လှုပ်ပြီးနောက်တွင် ထွက်ပေါ်လာသည့် ဗီဒီယိုဖိုင်များသည် မျက်မြင်မှတ်တမ်းများပင်ဖြစ်ရာ မြေငလျင်၏ပြင်းထန်မှုနှင့် ကြောက်ခမန်းလိလိ ထိခိုက်ပျက်စီးမှုများကို လူတိုင်းတွေ့ရှိနိုင်ကြသည်။ ပမာဏအားဖြင့် ကြီးမားလှသည့် ထိခိုက်ပျက်စီးမှုများအပေါ် ကူညီကယ်ဆယ်မှုများနှင့် ပြန်လည်ထူထောင်မှုများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ရာ နိုင်ငံတော်ကလည်း အချိန်မဆိုင်းအင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားနေရသော တစ်နိုင်ငံလုံးရှိပြည်သူလူထုကို စာနာထောက်ထားနားလည်သောအားဖြင့်လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍လည်းကောင်း တည်ငြိမ်အေးချမ်းမှုကို ရှေးရှု၍ တပ်မတော်က ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်မှ ၂၂ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကာလအဖြစ် ထုတ်ပြန်ခဲ့သည်။ ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၏ ရည်ရွယ်ချက်သည် ငလျင်ကြောင့်ထိခိုက်ခံစားရသော ပြည်သူများအတွက်သာဖြစ်ပြီး ပြည်သူအနေဖြင့် တစ်ပူပေါ်နှစ်ပူမဆင့်စေရန် စာနာထောက်ထားမှုပြသကြရမည်ဖြစ်သော်လည်း လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူတို့မှာ ငဲ့ညှာမှုကင်းမဲ့ခဲ့ကြသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၊ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများနှင့် တစ်ကျိတ်တည်း၊ တစ်ဉာဏ်တည်းပင် ပြည်ပြေး၊ ပြည်ဖက်မီဒီယာများက တစ်ဖက်သတ်စွပ်စွဲထားသည့်သတင်းများ၊ သတင်းတု သတင်းမှားများဖြင့် မီးလောင်ရာလေပင့်ခဲ့ကြသည်။ ၎င်းတို့အနေဖြင့် နိုင်ငံအကြီးအကဲနှင့် တပ်မတော်အပေါ်လုပ်ကြံစွပ်စွဲသိက္ခာချရန်၊ ပြည်တွင်းပြည်ပတို့တွင် အထင်အမြင်လွဲမှားစေရန်သည်သာ အဓိကရည်ရွယ်ချက်ဖြစ်ရာ ၎င်းတို့၏ရည်ရွယ်ချက်ပေါက်မြောက်နိုင်ရေးအတွက် သတင်းသမားတို့၏ ကျင့်ဝတ်ကိုပင်စောင့်ထိန်းနိုင်ခြင်းမရှိဘဲ သိက္ခာကင်းမဲ့စွာရေးသားထုတ်လွှင့်ခဲ့ကြသည်။ မြေငလျင်ဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်း သေးသိမ်စေရန်၊ ပြည်သူလူထုအတွင်း အသိအမြင်လွဲမှားစေရန်၊ ငလျင်ကိုအကြောင်းပြု၍ လူမျိုးရေး၊ ဘာသာရေးတို့တွင် တစ်ဖက်နှင့်တစ်ဖက် အမြင်မကြည်လင်စေနိုင်သည့် သတင်းအရေးအသားမျိုးဖြင့်လည်း ရည်ရွယ်ချက်ရှိရှိ ထုတ်လွှင့်ဖော်ပြခဲ့ကြသည်။ အထူးသဖြင့် ငလျင်ဒဏ်ကို ပြည်သူများခံစားနေရစဉ်မှာပင် တပ်မတော်က လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများ ဆက်လက်လုပ်ဆောင်နေကြောင်း စသည်ဖြင့် အကြမ်းဖက်သောင်းကျန်းသူများဘက်မှပင်းကာ သတင်းထုတ်လွှင့်ခဲ့ကြသည်။

တကယ့်မြေပြင်အဖြစ် အစစ်အမှန်မှာ မြေငလျင်ဘေးဒဏ်သင့်ပြည်သူများကို အမြန်ဆုံးကူညီကယ်ဆယ်နိုင်ရန် နိုင်ငံတော်က ဆောင်ရွက်နေရချိန်၊ ငလျင်ဒဏ်သင့်ပြည်သူများအပေါ် စာနာထောက်ထားမှုဖြင့် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားချိန်တို့အပေါ်တွင် ကောက်ကျစ်ညစ်ညမ်းသည့် အကျင့်အကြံဖြင့် အကြမ်းဖက်သောင်းကျန်းသူတို့က အခွင့်အရေးယူအမြတ်ထုတ်ခဲ့ကြခြင်းဖြစ်သည်။ ပြည်သူလူထုအပေါ် စာနာထောက်ထားမှု၊ အပစ်ရပ်ထားသည့်အပေါ် လိုက်နာမှုတို့ ကင်းမဲ့စွာဖြင့် အခွင့်ကောင်းယူတိုက်ခိုက်၍ စစ်ရေး၊ နိုင်ငံရေး အမြတ်ထုတ်မှုများ ပြုလုပ်ပြီးမှ အပစ်ရပ်ပါသည်ဟု ထအော်သည့်အဖွဲ့တို့က ထအော်ကြသည်ကိုလည်း တွေ့ရသည်။

မြေငလျင်ကြောင့် သေဆုံးရသူစုစုပေါင်းမှာ ဧပြီ ၈ ရက်အထိ ၃၆၄၅ ဦး ရှိလာပြီဖြစ်ပြီး ထိခိုက်ဒဏ်ရာရသူ ၅၀၀၀ ကျော်နှင့် ပျောက်ဆုံးသူ ၁၅၀ ခန့် ရှိနေသည်။ နိုင်ငံပေါင်း ၂၀ ကျော်မှ ကူညီကယ်ဆယ်ရေးဝန်ထမ်းပေါင်း ၁၇၀၀ ကျော် စေလွှတ်ခဲ့သည့်အပြင် ထောက်ပံ့ရေးပစ္စည်းတန်ချိန် ၁၄၀၀ နီးနီး ကယ်ဆယ်ရေးပစ္စည်းတန်ချိန် ၉၀၀ ကျော် စသည်ဖြင့် ကမ္ဘာကဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေချိန်တွင် ပြည်တွင်းပြည်ဖျက်တို့၏ ပြည်သူကိုမငဲ့ကွက်သော လုပ်ရပ်များမှာ စက်ဆုပ်ရွံရှာဖွယ်ဟုသာ ဆိုရပါမည့်အကြောင်း။ ။

## စွမ်းအင်

☆ စွမ်းအင် အကျွမ်းဝင် သည်စကား
ကမ္ဘာမြေ ပြည်သူများ
အားကိုး အားထား ။

☆ စွမ်းအင် ဖိုးတန်ပင် သည်စကား
စွမ်းအားကို ဖြစ်စေသည့်
ရင်းမြစ်ပေတကား ။

☆ စွမ်းအင် အကြောင်းပြု
စွမ်းအား ထုတ်ယူ
အကျိုးမှာ လူသားတို့
တိုးဖွံ့စေဖို့ ။

☆ စွမ်းအင် ပြည့်ဖြိုး
အလှတိုးတဲ့ တိုင်းပြည်
တိုင်းဌာနေ ပြည်သူများ
ချမ်းသာကာ ဝမ်းစာပွားလို့
စွမ်းကာသာ နိုင်ငံ့အကျိုး
တိုးမြှင့်သယ်ပိုး ။

☆ စွမ်းအင် ဖြိုးမောက်
အကျိုးမြောက်တဲ့ တိုင်းပြည်
ကမ္ဘာမှာ အောင်လံလွှင့်
ပြည်သူမှာ မျက်နှာပွင့်လို့
ဝင့်ထည်ကြစမြဲ ။

☆ တို့ဘိုးဘွား အမွေနှစ်
မြေတွင်းဓာတ် စွမ်းအင်ကို
ဖိုးထိုက်စွာ သတိချပ်
အထူးမှတ် ရှာဖွေ
တူးဖော်ကာ အသုံးပြုနိုင်မှ
တို့မြန်ပြည် အခြေမြင့်
ပြည်သူမှာ အနေတင့်ရေး
တွေးမိတယ်လေး ။

☆ တွေးမိသည့် သည်အကြံ
စွမ်းနိုင်ရန် သည်အရေး
သည်ဝန်တာ သည်အခွင့်လမ်း
တို့ဝန်ထမ်း တို့တာဝန်
ခံယူကာ ခြေကုန်ထုတ်လို့
ဟန်မဟုတ် အလုပ်ပါအောင်
စီမံကာ ကြိုးကြပ်
ပြီးမြောက်ရန် တာဝန်ရှိ
တွေးဆမျှော်မိ ။

☆ ဓာတ်ငွေ့ နှင့် ရေနံ
ထုတ်ယူကာ သယ်ပို့
ချက်လုပ်လို့ ကုန်သွယ်
စက်ရုံတွေ လည်ပဟော့
လျှပ်စစ်ကယ် ထိန်ဝါညီး
ထုတ်ကုန်တွေ အဟုတ်တိုးပြီပေ့ါ
မပျော်ဘယ်သူ ရှိနိုင်ပါ့
မော်လိုက်မည့် ဖြစ်ခြင်း ။

☆ တို့ပြည်သူ ပြုံးပျော်မည့်အရေး
ချိန်ကြာအောင် မစောင့်နိုင်ဘူး
အခြေပြု နည်းပညာ
တီထွင်ကာ ဆန်းစစ်
အရင်းနှီးသစ် တွေနဲ့
ပူးပေါင်းကာ ကြံဆောင်လို့
တို့တစ်တွေ ညီညာလျှင်ဖြင့်
ပြည်သာမည် မုန်မလွဲ ။

☆ တစ်စိတ်ဝမ်း တစ်လက်ညီ
သည်အရေး ပြိုင်တူချီကြတော့
“ ဖြစ်ကိုဖြစ်ရမယ်ဟေ့”
ဝန်ထမ်းထု ကြွေးကြော်သံ
ဘဝင်ညံစေရော့
ဟစ်လို့သာကျူး ။

ကိုကိုလွင်(ရန်ကင်း)

“၂၀၂၅ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် စွမ်းအင်ဝန်ကြီးဌာန ဖွဲ့စည်းတည်ထောင်သည့် နှစ် (၄၀) ပြည့် ပတ္တမြားရတုကို ဂုဏ်ပြုကြိုဆိုပါသည်”

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် |
| စာတည်းမှူး | - | မြင့်စိုး |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News Presented by NPE www.mdn.gov.mm





# မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

**ရန်ကုန် ဧပြီ ၈**

ရပဟန်း၊ ရှင်လူပြည်သူများ ဘေးအန္တရာယ်ကင်းစေရန် ရည်ရွယ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီး ၉ ပါးတို့က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ယနေ့ ညနေ ၆ နာရီ မိနစ် ၃၀ မှစတင်၍ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီး ၉ ပါးတို့သည် ဧပြီ ၈ ရက်မှ ဧပြီ ၁၆ ရက်အထိ (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း(၁၁) ရက်နေ့မှ တန်ခူးလပြည့်ကျော် (၄) ရက်နေ့အထိ) ၉ ရက်တိုင်တိုင် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင်လည်း ဘေးအန္တရာယ် ကင်းဝေးစေရန် ရည်ရွယ်၍ အဆိုပါရက်များတွင် အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဥက္ကဋ္ဌတာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၂၈ / ၂၀၂၅**
**၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်**
**(၂၀၂၅ ခုနှစ်၊ ဧပြီလ ၈ ရက်)**
**ဒုတိယဥက္ကဋ္ဌတာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတို့နှင့်အညီ ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်စေလျက်ရှိပါသည်။ ယခုအခါ အထွေထွေရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်လာသည့်အားလျော်စွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအား ပိုမိုအထောက်အကူပြုနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌတာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**သတင်းထုတ်ပြန်ချက်**
၂၀၂၅ ခုနှစ်၊ ဧပြီလ ၈ ရက်

၁။ နိုင်ငံရေးပါတီတစ်ရပ် တည်ထောင်လိုသူ အနည်းဆုံး ၁၅ ဦးက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(က)နှင့်အညီ ပါတီတည်ထောင်ခွင့်များ လျှောက်ထားလာမှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီစိစစ်၍ မှတ်ပုံတင်ခွင့်ပြုလျက်ရှိပါသည်။

၂။ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများကို ဒီဇင်ဘာလအတွင်းတွင် ကျင်းပရန်ရှိပါသဖြင့် နိုင်ငံရေးပါတီတည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်း၊ ပါတီများပူးပေါင်းလျက် ပါတီတစ်ခုတည်းအဖြစ် တည်ထောင်ခြင်းလုပ်ငန်းများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအမီ ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း/ မဲဆွယ်စည်းရုံးခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အချိန်လုံလောက်စွာရရှိစေရန်အလို့ငှာ နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားလိုသူများသည် ၂၀၂၅ ခုနှစ် မေလ ၉ ရက် နောက်ဆုံးထား၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားကြရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဩစတြေးလျအစိုးရမှ လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ ရောက်ရှိ

**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန် စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ဩစတြေးလျအစိုးရမှ လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါပစ္စည်းများမှာ ဆိုလာမီးအိမ်များ၊ အိမ်သုံးပစ္စည်းများနှင့် ဆေးဝါးများ ၃၇၄၁၅ Kg ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိချိန်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံရုံးမှ Changed Affaires ဖြစ်သူ Ms.Angela Jane Corcoran ၊ ရန်ကုန်မြို့ရှိ WFP ရုံးမှ Deputy Country Director ဖြစ်သူ Ms. Sheela Matthew တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများအား တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပေးပြီး လှိုင်သာယာမြို့နယ် ဘီအိုစီဝင်းရှိ WFP သိုလှောင်ရုံသို့ ဆက်လက်သယ်ဆောင်သွားကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **သတင်းစဉ်**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

❍ *ရှေ့ဖုံးမှ*

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံကြီးအတွင်းရှိ ဆေးကုသဆောင်များ၊ အထူးကြပ်မတ်ကုသဆောင်များ၊ ဝန်ထမ်းအိမ်ရာများ၊ ခွဲစိတ်ကုသဆောင်များအား လှည့်လည်ကြည့်ရှု၍ ငလျင်ဒဏ်ကြောင့် အဆောက်အအုံ ထိခိုက်ပျက်စီးခဲ့မှုများကို ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြကြသည်။

**ကြပ်မတ်ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက် ပျက်စီးခဲ့မှုများအား ဆောက်လုပ်ရေးပညာရှင်များဖြင့် စနစ်တကျစစ်ဆေး၍ ပြုပြင်၍ ရနိုင်သည့် အဆောက်အအုံများကို ပြန်လည်ပြုပြင်ခြင်း၊ ပြုပြင်၍ မရနိုင်သည့် အန္တရာယ်ရှိအဆောက်အအုံများကို ဖြိုချဖျက်ဆီး၍ အသစ်ပြန်လည် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် အဆောက်အအုံတည်ဆောက်မှု တာဝန်ခံ အင်ဂျင်နီယာများ၊ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေ/မီးပိုင်းဆိုင်ရာ တာဝန်ခံများအနေဖြင့် အချင်းချင်း ပေါင်းစပ်ညှိနှိုင်း၍ စနစ်တကျ တည်ဆောက်သွားရန် လိုအပ်မည်ဖြစ်ပြီး ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးဒဏ်ခံနိုင်ရေးအတွက်လည်း ထည့်သွင်းတွက်ချက် ဆောက်လုပ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်တွင် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများကို စိစစ်ခဲ့မှုများအရ ဆောက်လုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း ဆောက်လုပ်ခဲ့ခြင်းမရှိသဖြင့် ယခုကဲ့သို့ ပေးဆပ်မှုတန်ဖိုးများကြီးမားခဲ့ရခြင်းဖြစ်သည်ကို သင်ခန်းစာဖော်ထုတ်ရရှိခဲ့ရကြောင်း၊ ထို့နောက်အဆောက်အအုံများ တည်ဆောက်ရာတွင် တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့သည်။

❖ **ထိခိုက်ပျက်စီးခဲ့မှုများအား ဆောက်လုပ်ရေးပညာရှင်များဖြင့် စနစ်တကျစစ်ဆေး၍ ပြုပြင်၍ရနိုင်သည့် အဆောက်အအုံများကို ပြန်လည်ပြုပြင်ခြင်း၊ ပြုပြင်၍မရနိုင်သည့် အန္တရာယ်ရှိအဆောက်အအုံများကို ဖြိုချဖျက်ဆီး၍ အသစ်ပြန်လည်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်**

❖ **ယခုဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်တွင် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများကို စိစစ်ခဲ့မှုများအရ ဆောက်လုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း ဆောက်လုပ်ခဲ့ခြင်းမရှိသဖြင့် ယခုကဲ့သို့ ပေးဆပ်မှုတန်ဖိုးများ ကြီးမားခဲ့ရခြင်းဖြစ်သည်ကို သင်ခန်းစာဖော်ထုတ်ရရှိခဲ့**

အဆိုပါ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ရှိ ဆေးကုသဆောင်များ၌ ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများ များပြားခဲ့သဖြင့် ဆေးရုံကို ဇေယျာသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ယာယီပြောင်းရွှေ့ဖွင့်လှစ်၍ ဆေးဝါးကုသမှုများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ငလျင်ဒဏ်ကြောင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

**၈-၄-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၆၁၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် ဧပြီ ၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ် အကြီးအကဲ Mr. Rustan Minnikhanov က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၈

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်တွင် အင်အားပြင်း မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြား ဖြစ်ပေါ်ခဲ့ခြင်းအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ်အကြီးအကဲ Mr. Rustan Minnikhanov က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် အဆွေတော်၏နိုင်ငံကို အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့သည့်အပေါ် လွန်စွာဝမ်းနည်းမိပါကြောင်း၊ မိမိတို့အနေဖြင့် ယခုဘေးအန္တရာယ်၏ အကျိုးဆက်ကြောင့် ထိခိုက်နစ်နာသူများအားလုံးနှင့် မြန်မာပြည်သူများအားလုံးကို အမှန်တကယ်စာနာပါကြောင်း၊ မိမိအနေဖြင့် ကယ်ဆယ်ရေးအဖွဲ့များအားလုံးနှင့် ဒဏ်ရာရရှိသူများအား ကူညီရန်အတွက် မပင်မပန်း ဆောင်ရွက်ပေးနေသည့် လုပ်အားပေးသူများအားလုံးကို ထောက်ခံလျက်ရှိပါကြောင်း၊ ယခုကာလအတွင်း လူသားအချင်းချင်း စည်းလုံးမှုများသည် ကြုံတွေ့နေရသည့် အခက်အခဲများအားလုံးကို ကျော်လွှားနိုင်ကြောင်းကို ပြသလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ဆုံးရှုံးမှုများနှင့် ဝမ်းနည်းကြေကွဲမှုများကို အဆွေတော်နှင့် မြန်မာပြည်သူများနှင့်အတူ ဝမ်းနည်းပူဆွေးလျက်ရှိပါကြောင်းဖြင့် ဖော်ပြထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အဆွေတော်ဗိုလ်ချုပ်မှူးကြီး

အဆွေတော်၏ နိုင်ငံကို အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့သည့်အပေါ် လွန်စွာဝမ်းနည်းမိပါကြောင်း ပြောကြားလိုပါသည်။ မိမိတို့အနေဖြင့် ယခုဘေးအန္တရာယ်၏ အကျိုးဆက်ကြောင့် ထိခိုက်နစ်နာသူများအားလုံးနှင့် မြန်မာပြည်သူများအားလုံးကို အမှန်တကယ်စာနာကြောင်း ပြောကြားလိုပါသည်။

မိမိအနေဖြင့် ကယ်ဆယ်ရေးအဖွဲ့များအားလုံးနှင့် ဒဏ်ရာရရှိသူများအား ကူညီရန်အတွက် မပင်မပန်းဆောင်ရွက်ပေးနေသည့် လုပ်အားပေးသူများအားလုံးကို ထောက်ခံလျက်ရှိကြောင်း ဖော်ပြလိုပါသည်။ ယခုကာလအတွင်း လူသားအချင်းချင်းစည်းလုံးမှုများသည် ကြုံတွေ့နေရသည့် အခက်အခဲများအားလုံးကို ကျော်လွှားနိုင်ကြောင်းကို ပြသလျက်ရှိပါသည်။

မိမိတို့အနေဖြင့် ဆုံးရှုံးမှုများနှင့် ဝမ်းနည်းကြေကွဲမှုများကို အဆွေတော်နှင့် မြန်မာပြည်သူများနှင့်အတူ ဝမ်းနည်းပူဆွေးလျက်ရှိကြောင်း ပြောကြားလိုပါသည်။

ရူစတန် မီနီခါနော့ဗ်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ငလျင်ဘေးဒုက္ခအပြီးတွင် ကြံ့ကြံ့ခံနိုင်သည့် မြန်မာနိုင်ငံသည် ပြန်လည်ရုန်းထလာပါလိမ့်မည်

၈ ဧပြီ ၂၀၂၅

၂၀၂၅ခုနှစ်အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့ရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများဖိုရမ်တွင် ပါဝင်တက်ရောက်ခဲ့သည့် ကျွန်ုပ်တို့သည် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် မြန်မာနိုင်ငံကို လှုပ်ခတ်ခဲ့သည့် ပြင်းထန်ငလျင်ကြီးကြောင့် အသက်ပေါင်းများစွာဆုံးရှုံးခဲ့ရပြီး အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် တုန်လှုပ်ခဲ့ရပါသည်။

မြန်မာနိုင်ငံ၏ မိတ်ဆွေများဖြစ်ပြီး ကောင်းမွန်သောစေတနာထားရှိကြသည့် ကျွန်ုပ်တို့သည် ဝမ်းနည်းကြေကွဲဖွယ်ရာ အသက်ဆုံးရှုံးမှုများအတွက် အလွန်ပင် ထပ်တူဝမ်းနည်းကြေကွဲကြရပြီး ငလျင်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုများအပေါ် ရင်နှင့်ထပ်တူ စာနာဝမ်းနည်းကြရပါသည်။

ရဲစွမ်းသတ္တိရှိကြသော မြန်မာပြည်သူများသည် ယခုဘေးဒုက္ခဆိုးကြီးကို တွန်းလှန်ရန်အတွက် ညီညွတ်စွာအတူရပ်တည်ကြပြီး ယခင်များနှင့်မတူသည့် တောင့်တင်းခိုင်မာသော အင်အားများဖြစ်ထွန်းလာကြလိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

မြန်မာပြည်သူများသည် နက်ရှိုင်းလှသော ယဉ်ကျေးမှုအရင်းအမြစ်များမှထွက်ပေါ်လာသည့် အားမာန်များရယူကာ တောက်ပသောအနာဂတ်အတွက် သူတို့၏ လှပသောနိုင်ငံကို တစ်ဆင့်ချင်း တစ်လွှာချင်း ပြန်လည်တည်ဆောက်ကြပါလိမ့်မည်။

မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဖိုရမ် တက်ရောက်ခဲ့ကြသည့် နိုင်ငံတကာပညာရှင်များ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဝန်ထမ်းအိမ်ရာများနှင့် ယာယီရွှေ့ပြောင်းနေရာများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၈



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် အင်အားပြင်းထန် ငလျင်သင့်ခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများနေထိုင်သည့် ဝန်ထမ်းအိမ်ရာများနှင့် ယာယီရွှေ့ပြောင်း ထားရှိသည့်နေရာသို့ သွားရောက်ကြည့်ရှု၍ ဝန်ထမ်း မိသားစုဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဌာနမှ စစ်ဆေးရေးအဖွဲ့များ၏ ပြန်လည်နေထိုင်ရန်သင့်ကြောင်း သတ်မှတ်ချက်အရ အိမ်ရာများ၌ ပြန်လည်နေထိုင်လျက်ရှိသော ဝဏ္ဏသိဒ္ဓိအိမ်ရာ တိုက် (၁၊ ၂၊ ၃ နှင့် ၄) တို့ရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ဝန်ထမ်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ သောက်သုံးရေရရှိရေး၊ စားသောက်မှုအဆင်ပြေစေရေးတို့ အတွက် တာဝန်ရှိသူများက အလေးထား ကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဌာနမှ စစ်ဆေးရေးအဖွဲ့များ၏ ပြန်လည်နေထိုင်ရန် မသင့်ကြောင်း သတ်မှတ်ထားသည့် ပိတောက်အိမ်ရာ တိုက် (၆၀၃)၊ (၇၅၅)၊ (၇၅၆) နှင့် ဧက(၁)ထောင်အိမ်ရာ တိုက် (၁၃၉၄) တို့ရှိ ဝန်ထမ်းနှင့် မိသားစုဝင်များအား ယာယီရွှေ့ပြောင်းနေထိုင်ရန် နေရာချထားပေးသည့် နယ်မြေခံ သင်တန်းကျောင်းသို့ သွားရောက်၍ ဝန်ထမ်းများနှင့် မိသားစုဝင်များကို တွေ့ဆုံအားပေးစကား ပြောကြားပြီး ဝန်ထမ်းများအတွက် သောက်သုံးရေ ဖူလုံစွာရရှိရေး၊ စားသောက်မှုအဆင်ပြေစေရေး၊ ဆေးဝါးကုသပေးရေး၊ လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးတို့အတွက် တာဝန်ရှိသူများက အလေးထား ကြပ်မတ်ဆောင်ရွက်ရန်မှာကြား၍ မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်နိုင်ငံကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။

**❖ ယခုကဲ့သို့ အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းပီသစွာဖြင့် မည်သည့် နှောင့်ဖွဲ့မှုမျှမရှိဘဲ လူသားချင်းစာနာထောက်ထားမှုစိတ်ထား၊ ကိုယ်ချင်းစာစိတ်ထား အပြည့်အဝဖြင့် မိမိတို့နိုင်ငံရှိ ငလျင်ဘေးဒုက္ခရောက်ရှိကြရသည့် ပြည်သူများအပေါ် ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့မှုအပေါ် လှိုက်လှဲစွာကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း**

**❖ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးဒုက္ခရောက်သူ ပြည်သူတစ်ဦးချင်းစီ၏ လက်ဝယ်အရောက် စနစ်တကျ ပေးပို့ဆောင်ရွက်လျက်ရှိ**

*❄ ကျော်ဖုံးမှ*

အခမ်းအနားသို့ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် စာနာနားလည်မှုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်စွာ ရပ်တန့်၍ ဦးညွှတ်ဂါရဝပြုကြသည်။

**ကျေးဇူးတင်ဂုဏ်ပြုအမှာစကား ပြောကြား**

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ကျေးဇူးတင်ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် ၇ ဒသမ ၇ ရစ်(ခ်)တာစကေးရှိ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့မှုများ များစွာဖြစ်ပေါ်ခဲ့ကြောင်း၊ ယနေ့အချိန်အထိ နောက်ဆက်တွဲ ငလျင်(၉၆)ကြိမ်ရှိပြီဖြစ်ပါကြောင်း၊ အဆိုပါဖြစ်စဉ်အပေါ် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားကြလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ် နေ့ရက်အဖြစ် ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်မှ ၂၀၂၅ ခုနှစ် ဧပြီ ၆ ရက်အထိ ၇ ရက်တိုင်တိုင် သတ်မှတ်ကြေညာခဲ့ပြီး ထိုရက်များအတွင်း နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူကြရန် ကြေညာဆောင်ရွက်ခဲ့ကြောင်း။

မြေငလျင်လှုပ်ခတ်မှုကြောင့် နိုင်ငံတစ်ဝန်းလူနေအိမ်ပေါင်း ၄၈၈၃၄ အိမ်၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၃၀၉၄ ကျောင်း၊ စာသင်ကျောင်း ၂၀၄၅ ကျောင်း၊ ဌာနဆိုင်ရာ ရုံး/ အဆောက်အအုံ ၂၁၇၁ လုံး၊ တံတား ၁၄၈ စင်း၊ ဘုရားစေတီ ၅၂၇၅ ခု ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်မှ ၂၀၂၅ ခုနှစ် ဧပြီ ၇ ရက်အထိ သေဆုံးသူ ဦးရေပေါင်း ၃၅၅၀၊ ဒဏ်ရာရရှိသူဦးရေပေါင်း ၄၈၁၄ ဦး၊ ပျောက်ဆုံးသူဦးရေ ၂၀ ရှိခဲ့ကြောင်း။

**စိတ်ဓာတ်ခွန်အားဖြစ်စေရေး**

ယခုကဲ့သို့ သေဆုံးဒဏ်ရာရသူများကို တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာမှ အရေးပေါ်ကူညီကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ယနေ့အထိ အသက်ရှင်လျက်လူဦးရေ ၆၅၃ ဦး ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ၇၀၀ ကိုလည်း ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင် မိမိတို့တာဝန်ရှိသူများ အနေဖြင့်လည်း မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများထံကိုလည်း စိတ်ဓာတ်ခွန်အားဖြစ်စေရေး သွားရောက်အားပေးခဲ့သလို ကူညီကယ်ဆယ်ရေးဆောင်ရွက်နေမှုများကိုလည်း စဉ်ဆက်မပြတ် သွားရောက်အားပေးခဲ့ပါကြောင်း။

ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများတွင် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို မိမိနိုင်ငံမှစနစ်တကျ ဖွဲ့စည်းလေ့ကျင့်ပေးထားသည့် ကူညီကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များမှ နေ့/ည ဆောင်ရွက်ပေးခြင်းအပြင် နိုင်ငံတကာမှလည်း ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ အရေးပေါ်ကူညီကယ်ဆယ်ရေး အထောက်အကူပြုအဖွဲ့များနှင့် ဆေးအဖွဲ့များ စေလွှတ်ပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း။

တရုတ်နိုင်ငံအနေဖြင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့လေးဖွဲ့ စုစုပေါင်းအင်အား ၂၆၅ ဦးကို အစောဆုံးနှင့် ပထမဆုံးအနေဖြင့် နေပြည်တော်ကို စေလွှတ်ပေးခဲ့သည်ကို တွေ့ရကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၉ ရက်မှ မတ် ၃၀ ရက်အထိ မန္တလေးမြို့ပေါ်သို့ China International Search and Rescue Team (CISAR) (Beijing) မှ တပ်ဖွဲ့ဝင်အင်အား ၁၁၈ ဦး နှင့် ရှာဖွေကယ်ရေးလုပ်ငန်းသုံး ခွေး ခုနစ်ကောင်၊ Chinese Blue Sky Search and Rescue တပ်ဖွဲ့ဝင်အင်အား ၈၉ ဦးနှင့် Hong Kong China Search and Rescue Team တပ်ဖွဲ့ဝင် ၅၁ ဦးကိုလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၇၂ နာရီမတိုင်မီ စေလွှတ်ပေးခဲ့မှုအပေါ်လည်း များစွာကျေးဇူးတင်ပါကြောင်း။

၂၀၂၅ ခုနှစ်မတ် ၂၈ ရက် ငလျင်လှုပ်ခတ်ပြီးနောက် မတ် ၂၉ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေသို့ တရုတ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ လေးဖွဲ့ စုစုပေါင်းအင်အား ၂၆၅ ဦးနှင့် ရှာဖွေကယ်ရေးလုပ်ငန်းသုံး ခွေး ခုနစ်ကောင် ရောက်ရှိပြီးနောက် ၎င်းအနက် မန္တလေးမြို့သို့ သုံးဖွဲ့၊ နေပြည်တော်တွင် တစ်ဖွဲ့ အသီးသီးတာဝန်ခွဲဝေ၍ သက်ဆိုင်ရာမြို့နယ်များရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံလုပ်အားပေးပြည်သူများ၊ တပ်မတော်သားများ အပါအဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်ကိုလည်း ဂုဏ်ယူဝမ်းမြောက်စွာ တွေ့မြင်ရကြောင်း။

**ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်**

နေပြည်တော်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည့် ယူနန်ပြည်နယ်၊ သတ္တုတွင်းနှင့် ဥမင်လိုဏ်ခေါင်း Search and Rescue Team ၃၇ ဦးအနေဖြင့် ၂၀၂၅ ခုနှစ် မတ် ၂၉ ရက် ည ၇ နာရီအချိန်မှစ၍ ဥတ္တရသီရိမြို့နယ်ရှိ ပင်လုံဆေးရုံ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အဆင့်မြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းများဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်နေ့ နံနက် ၅ နာရီတွင် အမျိုးသမီးတစ်ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ပြီး ညနေပိုင်းတွင်လည်း ရှာဖွေကယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့သောကြောင့် သေဆုံးသူအမျိုးသမီး နှစ်ဦး၏ ရုပ်အလောင်းများကိုလည်း ရှာဖွေထုတ်ယူပေးနိုင်ခဲ့ကြောင်း။

ဇမ္ဗူသီရိမြို့နယ်တွင်ရှိသည့် တိုက်များတွင် ရှာဖွေကယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ဧပြီ ၃ ရက်တွင် တိုက်အမှတ် ၁၃၃၈၊ ၂၃၇၆ ၌ သေဆုံးသူ နှစ်ဦးတို့၏ ရုပ်အလောင်းများကိုလည်း ခက်ခက်ခဲခဲ ရှာဖွေထုတ်ယူပေးခဲ့ပြီး ယူနန်ရှာဖွေကယ်ဆယ်ရေးအဖွဲ့အနေဖြင့် စုစုပေါင်း အသက်ရှင်လျက် တစ်ဦး၊ သေဆုံးသူ လေးဦးအား ရှာဖွေထုတ်ယူပေးနိုင်ခဲ့သည့်အတွက် ငလျင်ဘေးဒုက္ခရောက်ခဲ့ရသည့် မိသားစုများကိုယ်စား အထူးပင်ကျေးဇူးတင်ကြောင်းကို ပြောကြားလိုကြောင်း။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ရှာဖွေကယ်ဆယ်ရေးနှင့် အထောက်အကူပြုအဖွဲ့မှ Mr.Mu Shu Yuan (မစ္စတာ မူရှုယွမ်) ဦးဆောင်သည့် ယူနန်ရှာဖွေကယ်ဆယ်ရေးအဖွဲ့သည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ခေတ်မီနည်းပညာစွမ်းအားမြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများဖြင့် ပူးပေါင်းဆောင်ရွက်သကဲ့သို့ Mr. Feng Zeli (မစ္စတာ ဖုန်းဇယ်လီ) ဦးဆောင်သည့် ယူနန်ကျန်းမာရေးကော်မရှင်နှင့် Medical Emergency Department တို့မှ အဖွဲ့ဝင် ၁၅ ဦးကလည်း နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးရှိ ဆေးကုသမှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန၏ Rapid Response Team အဖွဲ့များနှင့် ပူးပေါင်းပါဝင်ကာ မြို့နယ်အလိုက် ရေနမူနာစစ်ဆေးခြင်းအပါအဝင် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရသည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိကြောင်း။

တစ်ချိန်တည်းမှာပင် မန္တလေးမြို့သို့ ထပ်မံရောက်ရှိလာသည့် China International Search and Rescue Team (CISAR) (Beijing)မှ တပ်ဖွဲ့ဝင်အင်အား ၁၁၈ ဦး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ခွေး ခုနစ်ကောင်၊ Chinese Blue Sky Search and Rescue တပ်ဖွဲ့ဝင် အင်အား ၈၉ ဦးနှင့် Hong Kong China Search Rescue Team တပ်ဖွဲ့ဝင်အင်အား ၅၁ ဦးတို့ကလည်း ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၇ ရက်အထိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် အပင်ပန်းခံပြီး ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရသည့်အတွက် ဘေးဒုက္ခရောက်ခဲ့ကြရသည့် မိသားစုများကိုယ်စား များစွာ ဝမ်းမြောက်မိပါကြောင်းနှင့် ကျေးဇူးတင်ကြောင်းကို ပြောကြားလိုကြောင်း။

ထိုသို့ ဆောင်ရွက်ပေးခဲ့သည့်အတွက် မြေပြင်တွင် လုံးဝပြိုလဲကျနေသည့် SKY Villa အဆောက်အအုံထဲမှ နှစ်ဦး၊ Golden Country Hotel ထဲမှ တစ်ဦး စုစုပေါင်း သုံးဦးတို့ကို အသက်ရှင်လျက်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ရှာဖွေကယ်ဆယ်နိုင်ခဲ့သည့်အတွက် မိသားစုများကိုယ်စား ကျေးဇူးတင်ရှိမှုကို ပြောကြားလိုကြောင်း၊ ပျက်စီးခဲ့မှုအလွန်များပြားသည့် မန္တလေးမြို့အတွင်းတွင် အရေးပေါ်ကူညီကယ်ဆယ်ရေးများကို ခက်ခက်ခဲခဲဆောင်ရွက်ကြရင်း SKY Villa မှ ၅၁ ဦး၊ Win Star Hotel မှ ငါးဦး၊ Paragon Hotel မှ လေးဦး၊ Golden Country Hotel မှ တစ်ဦး၊ Great Wall Hotel မှ နှစ်ဦးနှင့် (၂၆ x ၈၁) လမ်းရှိ လူနေအိမ်မှ တစ်ဦးတို့၏ သက်မဲ့ခန္ဓာများကိုလည်း ရှာဖွေထုတ်ယူပေးနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

**အထူးပင်ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလို**

တရုတ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့များအနေဖြင့် နေပြည်တော်နှင့် မန္တလေးမြို့များတွင် စုစုပေါင်း အသက်ရှင်လျက် လေးဦး၊ သေဆုံးသူ ၆၄ ဦးတို့ကို လူသားချင်းစာနာထောက်ထားမှု စိတ်ထားဖြင့် နေ့/ ညမပြတ် အားသွန်ခွန်စိုက် ကြိုးပမ်းရှာဖွေထုတ်ယူကာ သက်ဆိုင်ရာမိသားစုဝင်များထံ အပ်နှံပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုယ်စား၊ ဘေးဒုက္ခရောက်ရှိခဲ့ကြသည့် မိသားစုများကိုယ်စား၊ အမျိုးသားအဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား မိမိအနေဖြင့် အမှတ်တရနှင့် အထူးပင် ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

ယခုကဲ့သို့ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရချိန်တွင် အိမ်နီးချင်းကောင်းပီသစွာနှင့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုပီသစွာ မြန်မာနိုင်ငံသူ နိုင်ငံသားများကို အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ပေးနိုင်ခြင်း၊ Mobile Clinic ဖြင့် ဆေးကုသပေးခြင်းများအပြင် ယနေ့အထိ ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းတန်ချိန် စုစုပေါင်း ၄၄၇ ဒသမ ၆၉ တန်ကို တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများက ပေးပို့ခဲ့ပြီး ယနေ့တွင်လည်း တန် ၁၁၀ ထပ်မံရောက်ရှိမည်ဟု သိရပါကြောင်း၊ ယခုကဲ့သို့ အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းပီသစွာဖြင့် မည်သည့်နှောင်ဖွဲ့မှုမျှမရှိဘဲ လူသားချင်းစာနာထောက်ထားမှုစိတ်ထား၊ ကိုယ်ချင်းစာစိတ်ထား အပြည့်အဝဖြင့် မိမိတို့နိုင်ငံရှိ ငလျင်ဘေးဒုက္ခရောက်ရှိကြရသည့် ပြည်သူများအပေါ် ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့မှုအပေါ် လှိုက်လှဲစွာ ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးဒုက္ခရောက်သူ ပြည်သူတစ်ဦးချင်းစီ၏ လက်ဝယ်အရောက် စနစ်တကျ ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်းကိုလည်း ဖြည့်စွက်ပြောကြားလိုပါကြောင်း၊ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့နှင့် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ ပေးပို့ပါသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ His Excellency Mr. Xi Jinping ဦးဆောင်သော အစိုးရအဖွဲ့၊ တရုတ်နိုင်ငံဘေဂျင်း၊ ဟောင်ကောင်နှင့် ယူနန်ပြည်နယ်တို့မှ အရေးပေါ် ကူညီကယ်ဆယ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Her Excellency Ms. Ma Jia နှင့်တကွ သံရုံးအဖွဲ့ဝင်များအားလုံးကို အထူးပင် လှိုက်လှိုက်လဲလဲ ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့ပြည်သူများအားလုံးက ကူညီကယ်ဆယ်ထောက်ပံ့မှုများအတွက် အမြဲပင် အမှတ်ရနေမည်ဖြစ်ပါကြောင်း ပြောကြားသည်။




**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်နိုင်ငံ ကယ်ဆယ်ရေးအဖွဲ့အား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံစဉ်။**

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တရုတ်နိုင်ငံ ကယ်ဆယ်ရေးအဖွဲ့များဖြစ်သည့် China Search and Rescue Team၊ China International Search and Rescue Team နှင့် China Search and Rescue Team (Hong Kong)တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ရာ အဖွဲ့များကိုယ်စား ကိုယ်စားလှယ်တစ်ဦးစီက လက်ခံရယူကြသည်။


အခမ်းအနားအပြီးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တရုတ်နိုင်ငံ ကယ်ဆယ်ရေးအဖွဲ့အား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပြီး တစ်ဦးချင်းအားရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များသည် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်မှု စံသတ်မှတ်ချက် (Assessment, Search & Rescue Level – ASR Level) အဆင့်(၅)ခုအနက် အဆင့်(၄) (ASR Level 4) အထိ ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခုအခါ ၎င်းတို့၏ တာဝန်များပြီးဆုံး၍ ပြန်လည်ထွက်ခွာခြင်းဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတ နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွင်း ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် ကူညီ ထောက်ပံ့ရေးပစ္စည်းများနှင့် နည်းပညာအကူအညီများကို ဆက်လက်ကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


# အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် ဧပြီ ၈**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ကနဦးတွင် မြောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ထိုမှတစ်ဆင့် မြောက်–အရှေ့မြောက်ဘက်သို့ ပြန်ကွေ့ကာ ဧပြီ ၁၀ ရက်တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ တဖြည်းဖြည်းအားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။



**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၈–၄–၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၉–၄–၂၀၂၅ ရက်နေ့မှ ၁၂–၄–၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**



အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညမှ ဧပြီ ၁၀ ရက်အထိ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ဧပြီ ၁၁ ရက်မှ ဧပြီ ၁၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာ စိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်အားလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုအန္တရာယ်များကိုလည်းကောင်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Daihei Mochizuki အား လက်ခံတွေ့ဆုံ

## မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားရသည့် ပြည်သူများကို ကူညီပံ့ပိုးနိုင်ရေးကိစ္စ ဆွေးနွေး



**နေပြည်တော် ဧပြီ ၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Daihei Mochizuki အား ဧပြီ ၈ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် IOM အနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားရသည့် ပြည်သူများကို ကူညီပံ့ပိုးနိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့သည့် ရုံးအမှတ်(၂၇)ရှိ ရုံးအဆောက်အအုံများပြင်ဆင်နေမှုနှင့် ယာယီရုံးခန်းများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့သည့် ရုံးအမှတ်(၂၇)ရှိ ရုံးအဆောက်အအုံများ ပျက်စီးမှုများကို ပြင်ဆင်နေမှုနှင့် ယာယီရုံးခန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ပျဉ်းမနားမြို့နယ်ရှိ ပျဉ်းမနားပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့သည့် ဓာတ်အားခွဲရုံ ဝန်ထမ်းအိမ်ရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဥတ္တရသီရိမြို့နယ်ရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့သည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇)အတွင်းရှိ ရုံးအဆောက်အအုံများ ပျက်စီးခဲ့မှုများကို ပြန်လည်ပြုပြင် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ယာယီရုံးခန်းများ ဖွင့်လှစ်နိုင်ရေးအတွက် Container Mobile Office ရုံးခန်းများ နေရာချထားဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရုံးအဆောက်အအုံများ ပျက်စီးခဲ့မှုများကို အမြန်ပြန်လည်ပြုပြင် ပြင်ဆင်ဆောင်ရွက်သွားရန်နှင့် ယာယီရုံးခန်းများ အမြန်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ်ရှိ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ပျဉ်းမနားပင်မဓာတ်အားခွဲရုံသို့ သွားရောက်ပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေး၍ ဓာတ်အားစဉ်ဆက်မပြတ် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး၊ မီးဘေးအန္တရာယ်မဖြစ်စေရေး ဂရုပြုဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဓာတ်အားခွဲရုံအတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့သည့် နှစ်ခန်းတွဲနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေး၍ အမြန်ပြန်လည် ပြုပြင်ဆောင်ရွက်သွားရန် မှာကြားပြီး ဝန်ထမ်းအိမ်ရာအခန်းလွတ်များတွင် လိုအပ်သောပြင်ဆင်မှုများ ဆောင်ရွက်ပြီး ထပ်မံပြောင်းရွှေ့ပေးရန်၊ လိုအပ်သည့် ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား နေရာချထားနိုင်ရေး ဆောင်ရွက်သွားရန်၊ ရေမီးပြည့်စုံစွာဖြင့် အဆင်ပြေစွာနေထိုင်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ပေါင်းလောင်းအားကစားကွင်းနှင့် ရွှေကြာပင်အားကစားကွင်းရှိ ယာယီဆေးရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၈**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်းရှိ ယာယီဆေးရုံတွင် ကျန်းမာရေးဝန်ကြီးဌာန ဆေးအဖွဲ့၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ဆေးအဖွဲ့နှင့် ဘူတန်နိုင်ငံ အရေးပေါ်ဆေးအဖွဲ့တို့ ပူးပေါင်း၍ ငလျင်ဘေးသင့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုများ၊ ခွဲစိတ်ပေးနေမှုများကို လှည့်လည်ကြည့်ရှု၍ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။ ဘူတန်နိုင်ငံ အရေးပေါ်ဆေးအဖွဲ့တွင် မြန်မာနိုင်ငံ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ပညာသင်ကြားခဲ့ပြီး ဘူတန်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော ဘူတန်လူမျိုးဆရာဝန်များ ပါဝင်ပြီး အဆိုပါဆရာဝန်နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးစွာ တွေ့ဆုံအားပေးစကား ပြောကြားသည်။ ပေါင်းလောင်းအားကစားကွင်းရှိ ယာယီဆေးရုံတွင် တစ်နေ့လျှင် ပြင်ပလူနာပျမ်းမျှ ၃၅၀ ကုသပေးလျက်ရှိသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ် ရွာကောက်အုပ်စု မြို့သစ်ရပ်ကွက်တွင် အခြေပြုပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နေသည့် ဖိလစ်ပိုင် အရေးပေါ် ဆေးကုသမှုအဖွဲ့နှင့် ပျဉ်းမနားမြို့နယ် ဥယျာဉ်စုအုပ်စု ဦးကျေးရပ်ကွက် မေတ္တာမွန်ခန်းမတွင် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နေသည့် ဘင်္ဂလားဒေ့ရှ် အရေးပေါ်ဆေးအဖွဲ့တို့အား သွားရောက်ကြည့်ရှု၍ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးပြီး လူနာများကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။ အဆိုပါဆေးအဖွဲ့များသည် တစ်နေ့လျှင် ပြင်ပလူနာပျမ်းမျှ ၁၅၀ ခန့်အား ကုသပေးလျက်ရှိသည်။ ပြည်ထောင်စုဝန်ကြီးသည် လာရောက်ပြသသော လူနာများအား ငလျင်ဘေးအန္တရာယ် ကျရောက်ပြီးနောက် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ ကာကွယ်နိုင်ရန် ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်သည်။

ဧပြီ ၇ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ရွှေကြာပင်အားကစားကွင်းရှိ ယာယီဆေးရုံသို့ သွားရောက်၍ ငလျင်ဘေးသင့် လူနာများကို ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေး၍ လူနာများအား တွေ့ဆုံအားပေးစကားပြောကြားကာ လူနာများကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ယာယီဆေးရုံတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးကုဌာနကိုလည်း တွဲဖက်ဖွင့်လှစ်ပြီး လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ရွှေကြာပင် ယာယီဆေးရုံတွင် Samaritan’s Purse International Relief မှ လာရောက်တည်ဆောက်နေသော ခုတင်(၇၀) ဆံ့ ယာယီဆေးရုံ ဆောက်လုပ်နေမှုအား ကြည့်ရှုအားပေးပြီး ယင်းအသင်းနှင့်အတူ တပ်မတော်ဆေး၏ ခုတင်(၂၀) ဆံ့ဆေးရုံတွင် နေပြည်တော် ခုတင်(၁၀၀၀)မှ အရိုးအထူးကုအဖွဲ့များနှင့် ပူးပေါင်းကာ လူနာ ငါးဦးကို ခွဲစိတ်ကုသပေးနေမှုအား ကြည့်ရှုအားပေးသည်။ ယနေ့တွင်လည်း အရိုးလူနာ ငါးဦးအား ထပ်မံခွဲစိတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန ငလျင်ဘေးအန္တရာယ်ဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၅)ကျင်းပ

## ငလျင်ဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရန် ဝဏ္ဏသိဒ္ဓိရပ်ကွက်နှင့် ဓနသိဒ္ဓိရပ်ကွက်အတွင်းရှိ အားကစားကွင်းများတွင် ယာယီမိုးကာတဲများ တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၈

**သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center–DMC)၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၅ )ကို ယမန်နေ့ မွန်းလွဲပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဦးဆောင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပသည်။**



ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် က နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများပြီးဆုံး၍ ပြန်လည်ထွက်ခွာနေပြီဖြစ်ပြီး ကျန်ရှိနေသည့်အဖွဲ့မှာ ကုသရေးဆေးအဖွဲ့များသာ ကျန်ရှိနေကြောင်း၊ ယခုလကုန်ပိုင်းတွင် ရုံးများ အားလုံးဖွင့်လှစ်နိုင်ပြီး ရုံးလုပ်ငန်းများ အမြန်ဆုံးလည်ပတ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပျက်စီးသွားသည့် အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရုံးများကိုအဓိကထား ပြုပြင်တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

ရုံးများ ပြုပြင်ဆဲကာလတွင် ယာယီရုံးများဖွင့်လှစ်၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အဆောက်အအုံများကို ထိခိုက်ပျက်စီးမှု ပမာဏအလိုက် အဆင့် ၃ မျိုး အနီရောင်၊ လိမ္မော်ရောင်နှင့် အပြာရောင်ဟူ၍ ခွဲခြားစစ်ဆေးပေးမည်ဖြစ်ကြောင်း၊ ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများကို အင်ဂျင်နီယာ ကျွမ်းကျင်သူများဖြင့် အဖွဲ့များခွဲကာ စစ်ဆေးမှုများ ဆောင်ရွက်လျက် ရှိကြောင်း၊ အသေးစားပြုပြင်နေထိုင်နိုင်သည့် အပြာရောင်အဆင့် ဝန်ထမ်းအိမ်ရာများကို ငလျင်ဒဏ်ခံနိုင်အောင်ပြုပြင်ပြီး ဝန်ထမ်းမိသားစုများ ပြန်လည်နေရာချထားရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖျက်သိမ်း/အကြီးစား ပြင်ဆင်ရမည့် အနီရောင်နှင့် လိမ္မော်ရောင်အဆင့် ဝန်ထမ်းအိမ်ရာများမှ ဝန်ထမ်းမိသားစုများအတွက် ယာယီမိုးကာတဲများ အမြန်ဆုံး တည်ဆောက်လျက်ရှိပြီး ရေ၊ မီးနှင့် မိလ္လာကိစ္စများ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယာယီမိုးကာတဲများဖြင့် ရေရှည်နေထိုင်ရန် မလွယ်ကူသည့်အတွက် မိုးမကျမီ ဝန်ကြီးဌာနများအလိုက် လုံခြုံမှုရှိသော ယာယီအဆောက်အအုံများ ဆောက်လုပ်ကာ နေရာချထားနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက နိုင်ငံတကာ အကူအညီများနှင့် အလှူပစ္စည်း စာရင်းများအား စနစ်တကျ စီမံဖြန့်ခွဲနိုင်ရေး စီစဉ်ဆောင်ရွက်ရန် လိုကြောင်း၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြသည့် လုပ်ငန်းကော်မတီအသီးအသီးကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက မိမိတို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အစည်းအဝေးအပြီးတွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့သည် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့် ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရန် ဆောင်ရွက်လျက်ရှိသည့် ဝဏ္ဏသိဒ္ဓိရပ်ကွက်နှင့် ဓနသိဒ္ဓိရပ်ကွက်အတွင်းရှိ အားကစားကွင်းများတွင် ယာယီမိုးကာတဲများ တည်ဆောက်နေမှု၊ ရေ၊ မီး၊ ရေချိုးခန်း၊ အိမ်သာများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သစ်ခွဲသားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်အတွက် သစ်စက်နှင့်သစ်ဆိပ်များအား ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဧပြီ ၈**



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် သစ်တောသုတေသနဌာနဝင်းအတွင်းရှိ ပြောင်းရွှေ့ဝန်ထမ်းမိသားစုများ ယာယီထားရှိရာ တက္ကသိုလ်ခမ္မာရုံနှင့် အဆောင်များ၊ သစ်တောခမ္မာရုံနှင့် ဧည့်ရိပ်သာများသို့ သွားရောက်၍ ဝန်ထမ်းမိသားစုများအတွက် နေထိုင်စားသောက်ရေးနှင့် သောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြောင်းရွှေ့ဝန်ထမ်းများ ထားရှိရာ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ နေပြည်တော်တိုင်းရုံးအတွင်း တစ်နာရီ ရေလီတာ ၃၀၀ ထုတ် ရေသန့်စက် တပ်ဆင်ထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေသန့်စက်များ ထပ်မံတပ်ဆင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့နယ်အတွင်းရှိ သစ်ခွဲစက်ရုံများသို့ သွားရောက်၍ ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သစ်ခွဲသားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်အတွက် မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနမှ သစ်လုံးများ ခွဲစိတ်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သစ်စက်များ၏ တစ်ရက်ခွဲစိတ်နိုင်သော သစ်လုံးတန်နှင့် ခွဲသားထွက်ရာခိုင်နှုန်း၊ ထွက်ရှိလာသော သစ်ခွဲသားများကို နေရာသတ်မှတ်၍ စနစ်တကျ စုပုံထားရှိရေး၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ သစ်ခွဲသားများ သယ်ယူရရှိနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် ကင်းသာသစ်ဆိပ်သို့ သွားရောက်၍ သစ်ဆိပ်လက်ကျန်သစ်မာသစ်လုံး တန် ၂၅၀၀ သယ်ယူခွဲစိတ်မည့် အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သစ်လုံးများအား သစ်စက်များသို့ မြန်ဆန်စွာ သယ်ပို့နိုင်ရေး၊ သစ်ဆိပ်တွင် ရွေ့လျားသစ်စက်များ တည်ထောင်ခွဲစိတ် ဆောင်ရွက်ရေးကိစ္စများနှင့် ပတ်သက်၍ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Minister Counselor ဖြစ်သူ Dr. Zheng Zhihong အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၈**



သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Minister Counselor ဖြစ်သူ Dr. Zheng Zhihong အား ယနေ့ မွန်းလွဲပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများရှိ အဆောက်အအုံများနှင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပျက်စီးသွားသည့် အဆောက်အအုံများအား ကြံ့ခိုင်မှုစစ်ဆေးပြုပြင်ရန် ခေတ်မီစက်ပစ္စည်းကိရိယာများ ရရှိရန်နှင့် ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန်၊ ယင်းနှင့်ဆက်နွယ်သည့် ခေတ်မီသင်ကြားရေးဆိုင်ရာ အထောက်အကူများ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကူညီပံ့ပိုးပေးနိုင်ရေး ဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

## သဘာဝဘေးအန္တရာယ်နှင့်သက်ဆိုင်သည့် ထုတ်ပြန်ချက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး ဆောင်ရွက်သင့်သည်များကို အချိန်နှင့် တစ်ပြေးညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**နေပြည်တော် မေ ၈**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ဦးစွာ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မီဒီယာကဏ္ဍသည် ပုံမှန်အချိန်များထက် သဘာဝဘေးအန္တရာယ်ကျရောက်သည့် အခါတွင် ပို၍အရေးကြီးပါကြောင်း၊ ယခုအချိန်တွင် မီဒီယာကဏ္ဍမှတစ်ဆင့် သတင်းတု၊ သတင်းမှားများကို ချေဖျက်ရန်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး အစီအစဉ်များ၊ ပျက်စီးဆုံးရှုံးမှုများ၊ ရှာဖွေကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် နိုင်ငံတကာမှ ပေးပို့သည့် သဝဏ်လွှာများ စသည့်သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြနိုင်ရေးစီမံဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား တိကျမှန်ကန်သည့် သတင်းအချက်အလက် ရရှိရေးသည် အရေးကြီးပါကြောင်း၊ ကော်မတီဝင်များအနေဖြင့်သဘာဝဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် ထုတ်ပြန်ချက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး ဆောင်ရွက်သင့်သည်များကို အချိန်နှင့် တစ်ပြေးညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေ လိုပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က သဘာဝဘေးအန္တရာယ်နှင့်သက်ဆိုင်သည့် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်မှု၊ ပျက်စီးဆုံးရှုံးမှုများ၊ ရှာဖွေကယ်ဆယ်ရေး၊ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် ဗီဒီယိုဖိုင်များ၊ သတင်းနှင့် ဓာတ်ပုံများကို မှတ်တမ်းများ ပြုစုထားရမည် ဖြစ်ပါကြောင်းနှင့် မိမိတို့ကော်မတီအနေဖြင့် မိမိတို့ သက်ဆိုင်ရာတာဝန်များအလိုက် အားနည်းချက်မရှိစေရေး ဝိုင်းဝန်း ပူးပေါင်းကူညီဆောင်ရွက်ကြစေ လိုပါကြောင်း ပြောကြားသည်။

ယင်းနောက် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူးနှင့် ကော်မတီဝင်များက အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ဆောင်ချက်များ၊ သဘာဝဘေးအန္တရာယ် ဆိုင်ရာ အသိပညာပေးအစီအစဉ် ထုတ်လွှင့်ဖော်ပြနေမှု၊ မိုးလေဝသ ဆိုင်ရာ သတင်းအချက်အလက် ထုတ်ပြန်မှု၊ ဆက်သွယ်ရေးကဏ္ဍ၊ ထိခိုက်ဒဏ်ရာရ၊ ပျက်စီး၊ ပျောက်ဆုံး၊ သေဆုံးမှုစာရင်းများကိုအချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်မှု၊ နိုင်ငံတကာနှင့်ပူးပေါင်း၍ ကူညီကယ်ဆယ်မှုများနှင့် ရေလုံလောက်စွာသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေး အပြီးတွင် ရောဝတီဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဦးအုန်းကျော်နှင့်အဖွဲ့က ငလျင်ဘေးသင့် ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ထမ်းမိသားစုများအတွက် ကူညီထောက်ပံ့ရေး ပစ္စည်းများ လာရောက်ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး အဆိုပါ ကူညီထောက်ပံ့ရေး ပစ္စည်းများအား ဌာနအသီးသီးမှ ဝန်ထမ်းများသို့ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### ထောက်ပံ့ပေးအပ်

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး Dr.Zheng Zhihong နှင့်အဖွဲ့အား ဝန်ကြီးဌာန မျက်နှာစာရှိ ယာယီအဆောက်အအုံ၌ လက်ခံတွေ့ဆုံပြီး အင်အားပြင်းထန်သည့် ငလျင်လှုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများ၊ ငလျင်ဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် တရုတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု အကူအညီ ထောက်ပံ့ပေးအပ်သည့် အခြေအနေများနှင့် နှစ်နိုင်ငံဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိ အားကစားကွင်းမြေနေရာ၌ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ ယာယီအခြေပြုနေထိုင်နိုင်ရန်အတွက် UAB Foundation မှ ကယ်ဆယ်ရေး စခန်းတည်ဆောက်နေမှု၊ ဝန်ထမ်းများ အဆင်ပြေစွာ နေထိုင် စားသောက်နိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ လျှပ်စစ်မီးနှင့်သန့်ရှင်းသော သောက်သုံးရေ ရရှိရေး လျာထားဆောင်ရွက်ထားရှိမှုနှင့် ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရန်အတွက် ဆေးပေးခန်းဆောက်လုပ်ရန် လျာထားမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါယာယီကယ်ဆယ်ရေး စခန်းတည်ဆောက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ရပါသည်-

**ဦးနေမျိုးဝင်း**
**(UAB Foundation)**

ကျွန်တော်တို့ ကယ်ဆယ်ရေးစခန်းဆောက်လုပ်ဆောင်ရွက်နေတဲ့ ခနသိဒ္ဓိအားကစားကွင်းမှာ ဇုန် သုံးဇုန်နဲ့ ဆောက်လုပ်ဆောင်ရွက်နေပါတယ်။ ဒီဇုန် သုံးဇုန်ပေါင်းရင် အိမ်ထောင်စု ၂၆၈ စု လူဦးရေ ၁၀၀၀ ခန့် နေထိုင်နိုင်တဲ့ အခြေအနေရှိပါတယ်။ လေဝင်လေထွက်ကောင်းပြီး မိုးလုံအောင် စီစဉ်ထားပါတယ်။ အပူဒဏ်လည်း သက်သာမှာဖြစ်ပါတယ်။ မိုးရွာလို့ ရေမဝင်အောင်လည်း အောက်ခံ အမြင့်တွေနဲ့ လုပ်ထားပါတယ်။ နေထိုင်တဲ့ မိသားစုတွေအတွက်လည်း သီးခြားရေချိုးကန်တွေ စီစဉ်ပေးထားပါတယ်။ ဒီရေချိုးကန်တွေမှာလည်း အမျိုးသား၊ အမျိုးသမီးခွဲခြားထားပြီး ဆောင်ရွက်ပေးထားပါတယ်။

မီးရရှိရေးအတွက်လည်း အသံလုံမီးစက် စီစဉ်ပေးထားပါတယ်။ မီးစက်တွေကိုလည်း ယာယီတဲတွေနဲ့ အနည်းဆုံး ၆၅ ပေ ထားတဲ့



ဦးနေမျိုးဝင်း

အတွက် ဝန်ထမ်းတွေ အိပ်စက်အနားယူတဲ့အခါမှာလည်း အသံငြိမ်ငြိမ်နဲ့ အိပ်နိုင်မှာ ဖြစ်ပါတယ်။ စားဖိုဆောင်တွေကိုလည်း စီစဉ်ပေးထားတဲ့အတွက် ချက်ပြုတ် စားသောက်နိုင်မှာ ဖြစ်ပါတယ်။ ဝန်ထမ်းတွေအတွက်လည်း Community Center တွေ ထားပေးမှာ ဖြစ်ပါတယ်။ နောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးခန်းတွေလည်း ဆောက်လုပ်ပေးမှာ ဖြစ်ပါတယ်။ စခန်းအုပ်ချုပ်မှု ရုံးကိုလည်း တည်ဆောက်ပေးပါမယ်။

**မဖူးဖူး**
**(UAB Foundation)**



မဖူးဖူး

ကျွန်မတို့ ဖောင်ဒေးရှင်းအနေနဲ့ သဘာဝဘေးမှ မဟုတ်ပါဘူး။ ကျန်တဲ့ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေမှာလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်နေပါတယ်။ အခုလို ငလျင်ဒဏ်ကြောင့် ဝန်ထမ်းတွေ နေထိုင်ရေးအခက်အခဲဖြစ်နေတဲ့အချိန်မှာ သူတို့အတွက် လုံခြုံပြီး အန္တရာယ်ကင်းတဲ့ နေရာလေးတစ်ခု ဖန်တီးပေးချင်တဲ့စိတ် ဖြစ်ပေါ်မိပါတယ်။ ဒါကြောင့် ယာယီကယ်ဆယ်ရေးစခန်းကြီး တည်ဆောက်ပြီး ဝန်ထမ်းတွေနေထိုင်ရေး အဆင်ပြေစေဖို့ တည်ဆောက်နေခြင်းဖြစ်ပါတယ်။

နောက်ပြီး ကယ်ဆယ်ရေးစခန်းမှာ ဝန်ထမ်းတွေ နေ့စဉ်ဘဝမှာ လိုအပ်တဲ့ ရေချိုးခန်း၊ အိမ်သာ၊ မီးဖိုခန်းတွေလည်း ထည့်သွင်းထားတဲ့အတွက် ကိုယ်ပိုင်အိမ်တစ်ခုလို ခံစားနိုင်ပြီး ခေတ္တနားခိုနိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ထပ်ပြီးလိုအပ်တဲ့ နေရာတွေကိုလည်း ထပ်ပြီးကူညီသွားဖို့ရှိပါတယ်။

**သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိအားကစားကွင်း မြေနေရာ၌ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ ယာယီအခြေပြုနေထိုင်နိုင်ရန်အတွက် UAB Foundation မှ ကယ်ဆယ်ရေးစခန်း တည်ဆောက်ပေးနေမှု ကြည့်ရှုစစ်ဆေးစဉ်။

# ရေလှောင်တမံများ၏ကြံ့ခိုင်မှုကို မျက်ခြည်မပြတ်စောင့်ကြည့် စစ်ဆေးလျက်ရှိ

**နေပြည်တော် ဧပြီ ၈**



မတ် ၂၈ ရက်တွင် ပြင်းထန်ငလျင် ဖြစ်ပေါ်ခဲ့ပြီးနောက် ရေလှောင် တမံများ၏ကြံ့ခိုင်မှုနှင့် ဘေးကင်း လုံခြုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီး ဌာနမှ ပညာရှင်များက ကွင်းဆင်း စစ်ဆေးခြင်းနှင့် တမံကိုယ်ထည် ထိခိုက်မှု ရှိ မရှိ ဘူမိရူပစမ်းသပ် စက်ဖြင့် တိုင်းတာစစ်ဆေးခြင်း များကို ဆောင်ရွက်ခဲ့ပြီး လိုအပ် သော ပြင်ဆင်မွမ်းမံမှုများကို ဦးစားပေး လုပ်ငန်းအလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

ဧပြီ ၈ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည် မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင်သည် ဒုတိယ ဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် အတူ ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်း ရေလှောင်တမံသို့ သွားရောက်၍ တမံအတွင်း ရေ သိုလှောင်ထားရှိမှု၊ တမံကြံ့ခိုင်မှု နှင့် ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေး ရာ တာဝန်ရှိသူများက ပြင်းထန် ငလျင်ဒဏ်ကြောင့် တမံထိပ် မျက်နှာပြင်တွင် အနက် သုံးပေခွဲ ခန့်ရှိ အလျားလိုက် အက်ကြောင်း များ ဖြစ်ပေါ်ခဲ့မှုကို အသေးစိတ် စစ်ဆေးချက်အရ တမံဘေးကင်း လုံခြုံရေးအပေါ် သက်ရောက်မှု မရှိသည့် အခြေအနေနှင့် အဆိုပါ အက်ကြောင်းများကို မြေသရွတ် ဖြည့်သွင်းပြုပြင်ပြီးစီးမှု အခြေ အနေများကို ရှင်းလင်းတင်ပြကြ သည်။

တင်ပြချက်များအပေါ် ပြည် ထောင်စုဝန်ကြီးက မမျှော်မှန်းနိုင် သည့် သဘာဝဘေးဖြစ်ပေါ်လာ လျှင် တမံများ၏ဘေးကင်းလုံခြုံမှု ကို ကာကွယ်ထိန်းသိမ်းနိုင်ရေး ကြိုတင်တွက်ဆထားရန် လိုအပ် ကြောင်း၊ ရေပိုလွှဲပြုပြင်မှုအား ခွင့်ပြုရန်ပုံငွေနှင့် လုပ်ငန်း ဆောင်ရွက်မည့် ရာသီအချိန် ကာလအရ အပိုင်းလိုက်ဆောင် ရွက်ရန်၊ လုပ်ငန်းများ အရည် အသွေး စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်သွားရန် တာဝန်ရှိသူ များအား ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် ပေါင်းလောင်းရေလွှဲ ဆည်(အဝေရာဆည်)အား ကြည့်ရှု စစ်ဆေးပြီး ရေလွှဲဆည်ကြံ့ခိုင်ရေး၊ စိုက်ပျိုးရေပေးဝေသည့် ပင်မ မြောင်းပေါင်များ၏ ခံနိုင်ဝန်အရ ရေလွှတ်ပေးရမည့်အနေအထား များနှင့် ရေသောက်စနစ်အတွင်းရှိ စိုက်ဧရိယာများ၏ သီးထပ် စွမ်းအားမြှင့်တင်နိုင်ရေး ဆိုင်ရာ များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ချောင်း မငယ်ဆည်ရေသောက် လယ်ဝေး မြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ အုပ်စု စနစ်ကျလယ်မြေ၌ ဌာန ဆိုင်ရာများ၊ တောင်သူများနှင့် တွေ့ဆုံရာ ဆည်မြောင်းနှင့်ရေ အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူက ပြင်းထန်ငလျင် ကြောင့် ချောင်းမငယ်ဆည်ရေ သောက်စနစ်အတွင်းရှိ တူးမြောင်း အဆောက်အအုံများ ထိခိုက် ပျက်စီးခဲ့မှုနှင့် အဆင့်လိုက်ပြုပြင် နေမှု၊ နွေစပါးစိုက်ချိန်အမီ ရေပေး ဝေမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တောင်သူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေး ပြောကြားရာ၌ ပြုပြင်ပြီးသော ပင်မရေပေးမြောင်းများမှ ရေစတင် ပေးဝေပါက တောင်သူစိုက်ကွင်း သို့ ရေစီးရေလာကောင်းမွန်စေ ရေးအတွက် ရေသွင်းမြောင်းများ ရှင်းလင်းခြင်းကို သက်ဆိုင်ရာ ရေသောက်တောင်သူ ကိုယ်တိုင် ကလည်း ပူးပေါင်းပါဝင်ဆောင် ရွက်ရန်နှင့် စိုက်ပျိုးရေမျှတစွာရရှိ ရေးအတွက် စနစ်တကျ အသုံးပြု ရန်လိုအပ်ချက်များ၊ ယခုစိုက်ပျိုး ဆဲ နွေစပါးသီးနှံကို ရာသီချိန်မီ စိုက်ပျိုးနိုင်ရေးနှင့် မိုးသီးနှံ စိုက်ပျိုးချိန်ကို တွက်ဆ၍ သီးနှံ သက်တမ်းကို တွက်ချက်စိုက်ပျိုး ရန်လိုအပ်မှု၊ လာမည့်မိုးစပါး ရာသီတွင် အောင်နိုင်တိုးစပါးမျိုး စိုက်ပျိုးသွားကြရန်နှင့် ထွက်ရှိ လာသည့် စပါးများ ဝယ်ယူမည့် ဆန်စက် လုပ်ငန်းရှင်နှင့် ချိတ်ဆက် ဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိ မြို့နယ် ရန်အောင်မြင်ဆည်သို့ သွားရောက်ပြီး ပြင်းထန်ငလျင် ဒဏ်ကြောင့် ကုန်းကျောတမံ အမှတ်(၃)၏ ကန်ရေပြည့်မှတ် (Full Tank Level) အထက်တွင် ထိခိုက်ပျက်စီးမှုနှင့် ပင်မတမံ ကိုယ်ထည် ကြံ့ခိုင်မှုစစ်ဆေးခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီး ခဲ့သည့် အပိုင်းအား ဖယ်ရှား ရှင်းလင်းကာ တမံဖို့ရန် သင့်တော် သည့် မြေအမျိုးအစား (Selected Soil)ဖြင့် မြေသားပြန်လည်ဖို့ခြင်း လုပ်ငန်းများ ဆက်လက်ဆောင် ရွက်ရန်နှင့် ရေထုတ်လမ်းကြောင်း တစ်လျှောက်အား ရေစီးရေလာ ကောင်းမွန်ပြီး သီးနှံစိုက်ခင်းများ တွင် အသုံးချဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆပ်ပြာစက်ရုံ (ရမည်းသင်း)၊ အမှတ်(၈)အထည်စက်ရုံခွဲ (ရမည်းသင်း)နှင့် ရမည်းသင်းခရိုင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၈**

စက်မှုဝန်ကြီးဌာန သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ခြံအမှတ် အေ-၅ ၌ ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီး ဌာန သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ စက်မှုဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ ဖြစ်ကြသည့် ညွှန်ကြားရေးမှူး ချုပ်များ၊ ဦးဆောင်ညွှန်ကြားရေး မှူးများ၊ ဒုတိယ အမြဲတမ်းအတွင်း ဝန်၊ အထွေထွေမန်နေဂျာများ တက်ရောက်သည်။

**ဆွေးနွေးညှိနှိုင်းဆုံးဖြတ်**

အစည်းအဝေး၌ ငလျင် လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံနှင့် စက်ပစ္စည်း များ စစ်ဆေးရေးအတွက် အဖွဲ့ များ ဖွဲ့စည်းရေး၊ ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံနှင့် သံမဏိစက်ရုံများ၊ အမိုးနှင့် အမိုး ပြားစက်ရုံများ၊ အုတ်စက်ရုံ များ ပြန်လည်လည်ပတ်ရေး၊ နေပြည်တော်ရှိ ဝန်ထမ်းများ အမိုးအကာအောက်တွင် နေရာချ ထားရေး၊ စက်မှုဝန်ကြီးဌာနရှိ စက်ရုံအလုပ်ရုံများ၌ ပုံသေပိုင် ပစ္စည်းများ ပျက်စီးမှုအခြေအနေ တို့ကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီမှုရှိအောင် ပြုစုထားရှိရေး၊ စက်ရုံများ၌ ခြံစည်းရိုးများ အမြန် ဆုံးကာရံနိုင်ရေး၊ အလှူရှင်များက လှူဒါန်းထားသည့် ထောက်ပံ့ရေး ပစ္စည်းများကို စနစ်တကျခွဲဝေ ပေးရေးကိစ္စရပ်များကို ဆွေးနွေး ညှိနှိုင်းဆုံးဖြတ် အတည်ပြုခြင်း များကို ဆောင်ရွက်ပြီး အစည်း အဝေးအား ရုပ်သိမ်းခဲ့သည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် မက်စ်မြန်မာ ကုမ္ပဏီလီမိတက်က လှူဒါန်းသည့် ငွေကျပ် သိန်းငါးရာနှင့် ဝန်ထမ်း ၁၀၀ အတွက် စားသောက်ဖွယ်ရာ များကိုလည်းကောင်း၊ AA Medical Product Ltd., မှ လှူဒါန်းသည့် ငွေကျပ်သိန်း တစ်ထောင့်ငါးရာတို့ ကို လက်ခံရယူပြီး ကျေးဇူးတင် စကားပြန်လည်ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**



မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် မန္တလေးတိုင်းဒေသ ကြီး ရမည်းသင်းမြို့နယ်ရှိ ဆပ်ပြာ စက်ရုံ(ရမည်းသင်း)၊ အမှတ်(၈) အထည်စက်ရုံခွဲ (ရမည်းသင်း)နှင့် ရမည်းသင်းခရိုင် စက်မှုကြီးကြပ် ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့ သို့ ရောက်ရှိပြီး မတ် ၂၈ ရက်၌ အလွန်ပြင်းထန်သည့် ငလျင် လှုပ်ခတ်မှုကြောင့် စက်ပစ္စည်း၊ အဆောက်အအုံများ ထိခိုက်ပျက်စီး ခဲ့မှုအခြေအနေတို့ကို ကြည့်ရှု စစ်ဆေးပြီး ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်း၊ အဆောက်အအုံများ အား အမြန်ဆုံးစစ်ဆေးပြုပြင်၍ စက်ရုံပြန်လည် လည်ပတ်နိုင်ရေး စီမံဆောင်ရွက်သွားရန်၊ သို့မှသာ ဘဏ္ဍာရေးနှစ်အတွင်း ထုတ်လုပ် ရန် လျာထားချက်များကို ပြည့်မီ မည်ဖြစ်၍ လုပ်ငန်းတာဝန်များကို အချိန်ဇယားများ၊ စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်၊ အဆောက် အအုံများအား ပြန်လည်ပြုပြင် အသုံးပြုနိုင်မည့် အခြေအနေနှင့် ဖြိုချဖျက်ဆီး၍ အသစ်ပြန်လည် တည်ဆောက်ရမည့်အခြေအနေ တို့ကို စိစစ်တင်ပြရန်၊ စက်ရုံ အဆောက်အအုံများအား အသစ် ပြန်လည်တည်ဆောက်ရမည်ဆို ပါက သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ ဆောင်ရွက်ရမည့် လုပ်ငန်း စဉ် အဆင့်ဆင့်တို့ကို တိတိကျကျ လိုက်နာ ဆောင်ရွက်နိုင်ရေး ကြပ်မတ်ရန်၊ အန္တရာယ်ဖြစ်စေနိုင် သည့် အဆောက်အအုံနေရာများ တွင် သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲထားရန်၊ စက်ပစ္စည်း ကိရိယာများအား ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ် ကင်းရှင်းရေး အတွက် စနစ်တကျဖြင့် အလေးထား ဆောင်ရွက်ရန်၊ ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိ ခဲ့သည့် ဝန်ထမ်းများအား ထိရောက် သည့်ဆေးဝါးကုသမှုများရရှိစေရေး စီမံဆောင်ရွက်ပေးရန်၊ တာဝန်ရှိ သူများအနေဖြင့် ဝန်ထမ်းများ၏ လိုအပ်ချက်နှင့် အခက်အခဲများရှိ ပါက ဖြည့်ဆည်းဖြေရှင်းဆောင် ရွက်ပေးရန်၊ ဝန်ထမ်းများအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန် သည့် အမိန့်နှင့်ညွှန်ကြားချက်များ ကို ဖတ်ရှုလေ့လာ၍ လိုက်နာ ဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ လျှော်ဘေးဒဏ်သင့်ဝန်ထမ်းနှင့် မိသားစုများအား ဒုတိယအကြိမ် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မေ ၈**

ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုများအား ဒုတိယအကြိမ် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်က နေပြည်တော်ရှိစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ-၂ တွင် ကျင်းပရာ ဦးစွာ ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ် ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုကြသည်။

**ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးနေ**




ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက တက်ရောက်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပြင်းထန်ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးမှုများအတွက် ပြန်လည်ထူထောင်ရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးနေကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့် မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများမှာ အသက်အန္တရာယ်ထိခိုက်မှုမရှိသော်လည်း ထိခိုက်ဒဏ်ရာရမှုရှိကြောင်း၊ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် မိသားစုများနေထိုင်ရန်အတွက် ယာယီစခန်းများတွင် နေရာချထားပေးလျက်ရှိရာ စခန်းအလိုက် တာဝန်ခံများ သတ်မှတ်ပေးထားပြီးဖြစ်၍ ဝန်ထမ်းများအနေဖြင့် စနစ်တကျနေထိုင်ကြစေလိုကြောင်း၊ သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း စခန်းများတွင် နေထိုင်ကြသော ဝန်ထမ်းများနှင့် မိသားစုများ ရေပြတ်လပ်မှု မကြုံတွေ့စေရန်အတွက် ဂါလန် ၈၀၀၀ ဆံ့ ယာယီရေကားသုံးစီးကို စီစဉ်နေပြီဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ငလျင်ဘေးသင့်ဝန်ထမ်းများ နေထိုင်စားသောက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် စေတနာရှင်ပြည်သူများက လှူဒါန်းသည့် အလှူပစ္စည်းများကို မျှတစွာ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ယာယီစခန်းများတွင် လျှပ်စစ်မီးအဆင်ပြေစေရန်အတွက် အရန်မီးစက်နှင့် စက်သုံးဆီများထားရှိကြောင်း၊ သန့်ရှင်းသောသောက်သုံးရေ ရရှိနိုင်ရေးအတွက် တပ်ဆင်ထားသည့် ရေသန့်စက်များကိုလည်း စနစ်တကျ အသုံးပြုကြရန်နှင့် အဆိုပါရေသန့်စက်များအတွက် လိုအပ်သော Filter များကိုလည်း ကြိုတင်စုစည်းထားကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ဆောင်ရွက်ရမည့် ရုံးလုပ်ငန်းများကို ယခင်အတိုင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ငလျင်ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ကာကွယ်ခြင်းနှင့် ငလျင်ဘေးအန္တရာယ်ကျရောက်ချိန်တွင် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**စားသောက်ဖွယ်ရာများပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမင်းမင်း၊ ဦးကျော်ရွှေထွန်းတို့က ငလျင်ဘေးသင့်ဝန်ထမ်းနှင့် မိသားစုများအား ဒုတိယအကြိမ်အဖြစ် ဝန်ထမ်းတစ်ဦးလျှင် ငွေသား ကျပ်တစ်သိန်း၊ ဆန် ၁၂ ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ စားပွဲတင်ပန်ကာ၊ ထမင်းပေါင်းအိုး၊ စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များကို သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များထံသို့ အသီးသီးပေးအပ်ခဲ့ပြီး ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငလျင်ဘေးသင့်ဝန်ထမ်းများကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ငလျင်ဘေးသင့်ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် အားကစားသမားများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း



**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်နှင့် မိတ်ဖက်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များနှင့် ရခိုင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်း မိသားစုများသည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ငလျင်ဘေးသင့်ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် အားကစားသမားများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ ဘက်စုံသုံးခန်းမ (Multipurpose Hall) ၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အပြင်းစားငလျင်ဒဏ်နှင့် နောက်ဆက်တွဲ ငလျင်ဒဏ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ ခံစားခဲ့ရသည့် မိမိတို့ဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်း ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားသမားများ နေထိုင်စားသောက်မှုများ၊ သောက်ရေနှင့် သုံးရေအဆင်ပြေချောမွေ့စေရေးအတွက် ယခုလို ထောက်ပံ့ငွေများ၊ ဆေးဝါးများနှင့် စားသောက်ကုန်ပစ္စည်းများကို လာရောက်လှူဒါန်းပေးပါသော အလှူရှင်များအား အထူးပင် မှတ်တမ်းတင်ဂုဏ်ပြုကျေးဇူးတင်ရှိပါကြောင်း၊ ထောက်ပံ့ လှူဒါန်းပေးသည့် ပစ္စည်းများကို သက်ဆိုင်သူများ၏ လက်ဝယ်သို့ ရောက်ရှိအောင် တာဝန်ရှိသူများက ညီတူညီမျှ ချက်ချင်းပြန်လည် ခွဲဝေပေးသွားမည်ဖြစ်ကြောင်း နှုတ်ခွန်းဆက်ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်ပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများကို အလှူရှင်များက အသီးသီး ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင်များကိုယ်စား မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးငွေးကျော်နှင့် ဧရာဝတီဖောင်ဒေးရှင်းမှ ဦးခင်မောင်ကြွယ်တို့က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ငလျင်ဘေးသင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် အားကစားသမားများ လတ်တလောနေထိုင်စားသောက်မှုများ၊ ဆေးဝါးများနှင့် ဆက်သွယ်မှုများ အဆင်ပြေချောမွေ့လွယ်ကူစေရန်အတွက် ရည်ရွယ်၍ လှူဒါန်းပေးခြင်း ဖြစ်ကြောင်း ရှင်းလင်း ပြောကြားပြီးနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အလှူရှင်များက လှူဒါန်းပစ္စည်းများကို ဌာနခွဲများအလိုက် ဝန်ထမ်းများအား ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**သတင်းစဉ်**



ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်သွင်းလာသော ဘိလပ်မြေရေယာဉ်များ စဉ်ဆက်မပြတ်ရောက်ရှိစဉ်။

# ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ

**နေပြည်တော် မေ ၈**

ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်းဘိလပ်မြေ လိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှ ဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသော ဘိလပ်မြေရေယာဉ်များ စဉ်ဆက်မပြတ်ရောက်ရှိလျက်ရှိပြီး ယခု တန်ချိန် ၁၅၀၀ တင်ဆောင်လာသည့် ရေယာဉ်သည် ရန်ကုန်မြို့ ရွှေပြည်သာ ရွှေမဲဆိပ်ကမ်းသို့ ယမန်နေ့ ညနေပိုင်းတွင် ထပ်မံရောက်ရှိခဲ့၍ ယနေ့ နံနက်ပိုင်း၌ ဈေးကွက်အတွင်း ဖြန့်ဖြူးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သော ဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခု ရေယာဉ်အပြင် ကျန်ဘိလပ်မြေတင်ဆောင်လာသည့် ရေယာဉ်များပါ အပတ်စဉ် ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အမေရိကန်ပြည်ထောင်စု၌ ဆိုးရွားသောရာသီဥတုဖြစ်စဉ်များကြောင့် လူ ၂၁ ဦးခန့်သေဆုံး




**ဟူစတန် ဧပြီ ၈**

အမေရိကန်ပြည်ထောင်စု အနောက်အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ဧပြီ ၂ ရက်မှစကာ အင်အားပြင်းလေဆင်နှာမောင်းများအပါအဝင် လေမုန်တိုင်းများတိုက်ခတ်ခြင်းနှင့် ရေကြီးရေလျှံဖြစ်ပွားမှုများကြောင့် လူ ၂၁ ဦးခန့်သေဆုံးခဲ့သည်ဟု ဒေသသတင်းမီဒီယာများက ဧပြီ ၇ ရက်က ဖော်ပြခဲ့သည်။

တင်နက်ဆီပြည်နယ်တွင် သေဆုံးသူ ၁၀ ဦး၊ မစ်ဆောရီပြည်နယ်တွင် သုံးဦး၊ ကန်တက်ကီ၊ ဂျော်ဂျီယာနှင့် အင်ဒီယာနာတို့တွင် နှစ်ဦးစီ၊ အာကန်ဆက်နှင့် မစ္စစ်စပီတွင် တစ်ဦးစီဖြစ်ကြောင်း အင်န်ဘီစီသတင်းဌာနတွင် ဖော်ပြသည်။

ရာသီဥတုအကြောင်း အမြဲဖော်ပြလေ့ရှိသည့် အက်ခယူဝဲသားဝက်ဘ်ဆိုက် အကြီးအကဲမိုးလေဝသပညာရှင် ဂျွန်နသန်ပေါ်တာက မကြာသေးမီရက်များအတွင်းက ဖြစ်ပွားခဲ့သော ဆိုးရွားပြင်းထန်သည့် ရာသီဥတုနှင့် ရေကြီးခြင်းများကြောင့် စီးပွားရေးဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ဘီလီယံ ၈၀ မှ ဘီလီယံ ၉၀ ကြား ရှိသည်ဟု ဧပြီ ၇ ရက်က ပြောကြားလိုက်သည်။

ပူနွေးသည့် ရာသီဥတုများနှင့် တည်ငြိမ်မှုမရှိသည့် လေထုဖိအားများကြောင့် ပြင်းထန်သည့် ရာသီဥတုအခြေအနေများ ဖြစ်ပေါ်ခဲ့သည်ဟု မိုးလေဝသခန့်မှန်းသူများက ပြောသည်။ **ဆင်ဟွာ**



# တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲ ဇွန် ၃ ရက်တွင် ကျင်းပမည်

**ဆိုးလ် ဧပြီ ၈**

သမ္မတဟောင်း ယွန်ဆက်ယိုးလ်ကို ရာထူးမှထုတ်ပယ်လိုက်ပြီးနောက် တောင်ကိုရီးယားအစိုးရသည် ဇွန် ၃ ရက်တွင် သမ္မတရွေးကောက်ပွဲ ကျင်းပသွားမည်ဟု တရားဝင် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်ကို ဧပြီ ၈ ရက်က အစိုးရအဖွဲ့အစည်းအဝေးတွင် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ သတ်မှတ်ချက်မှာ ဒီဇင်ဘာလတွင် ခဏတာကြာမြင့်ခဲ့သော စစ်အုပ်ချုပ်ရေး ကြေညာခဲ့မှုနှင့် ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးက ယိုးလ်အား စွပ်စွဲပြစ်တင်မှုကို အတည်ပြုလိုက်ပြီးနောက်လေးရက် အကြာတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

သမ္မတရွေးကောက်ပွဲကို မူလက ၂၀၂၇ ခုနှစ် မတ်လတွင် ပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ယခုအခါတွင် နိုင်ငံရေးပါတီများက ကိုယ်စားလှယ်လောင်းရွေးချယ်မှုကို အရှိန်အဟုန်အပြည့်ဖြင့် ဆောင်ရွက်သွားတော့မည်ဖြစ်သည်။ ဒီမိုကရက်တစ်ပါတီခေါင်းဆောင် လီဂျေမြောင်သည် ကိုယ်စားလှယ်လောင်း အဖြစ် ပါဝင်ယှဉ်ပြိုင်သွားဖွယ်ရှိသည်။

လီဂျေမြောင်သည် ပါတီထိပ်ပိုင်းရာထူးမှ နုတ်ထွက်ပြီး ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ရန် တရားဝင်ကြေညာသွားဖွယ်ရှိကြောင်း ယွန်ဟပ်သတင်းဌာနက ပြောသည်။ လက်ရှိအာဏာရပြည်သူ့အင်အားပါတီကလည်း ကိုယ်စားလှယ်လောင်းရွေးချယ်ရန် ပြင်ဆင်နေကြောင်း သိရသည်။ အဆိုပါ ပါတီသည် ဧပြီ ၇ ရက်တွင် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုကော်မရှင်ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်၏ရန်ပုံငွေရပ်ဆိုင်းခြင်းက သန်းပေါင်းများစွာသောလူများ၏အသက်ကို အန္တရာယ်ဖြစ်စေကြောင်း WFP ပြော

**ဝါရှင်တန် ဧပြီ ၈**

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က မိမိတို့၏ အရေးပေါ် အစီအစဉ်များအတွက် အမေရိကန်၏ရန်ပုံငွေရပ်ဆိုင်းခြင်းသည် သန်းပေါင်းများစွာသောလူများ၏ အသက်ကို အန္တရာယ်ဖြစ်စေကြောင်း ပြောကြားလိုက်သည်။

နိုင်ငံပေါင်း ၁၄ နိုင်ငံအတွက် အရေးပေါ်စားနပ်ရိက္ခာအကူအညီ ရန်ပုံငွေ ထောက်ပံ့မှုကို ရပ်ဆိုင်းလိုက်ကြောင်း အမေရိကန်အစိုးရ၏ မကြာသေးမီက အကြောင်းကြားစာပါ သတိပေးချက်အပေါ် အလွန်စိုးရိမ်မိကြောင်း WFP က ဧပြီ ၇ ရက်တွင် လူမှုမီဒီယာ၌ ကြေညာချက် ထုတ်ပြန်ခဲ့သည်။




အဆိုပါ ကြေညာချက်အတိုင်း အမေရိကန်က အကောင်အထည်ဖော် ကျင့်သုံးမည်ဆိုပါက အလွန်အမင်း ဆာလောင်မွတ်သိပ်မှုနှင့် ငတ်မွတ်ခေါင်းပါးမှုကို ရင်ဆိုင်နေရသည့် သန်းပေါင်းများစွာသောလူများ သေနိုင်သည်ဟု WFP က ပြောကြား လိုက်သည်။

သန်းပေါင်းများစွာသော ငတ်မွတ်ခေါင်းပါး သူများကို ဆက်လက် ပံ့ပိုးပေးနိုင်ရန် အမေရိကန်အစိုးရနှင့် ဆက်သွယ်ဆောင်ရွက်နေကြောင်း WFP ကပြောသည်။

အမေရိကန် ပြည်ထောင်စုသည် WFP အတွက် အကြီးမားဆုံး ပံ့ပိုးကူညီသူဖြစ်သည်။ WFPသည် ၂၀၂၀ ပြည့်နှစ် မစ္စတာဒေါ်နယ်ထရမ့် အမေရိကန်သမ္မတ ပထမသက်တမ်းအတွင်း နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခံခဲ့ရသည်။ **အင်န်အိတ်ချ်ကေ**

# စင်ကာပူတောင်ပိုင်း အိမ်ဆိုင်တိုက်ခန်းတွဲမီးလောင်မှုကြောင့် လူ ၁၉ ဦး ဆေးရုံသို့ ပို့ဆောင်

**စင်ကာပူ ဧပြီ ၈**

ဧပြီ ၈ ရက်က စင်ကာပူတောင်ပိုင်း အိမ်ဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ပွားခဲ့သောကြောင့် ကလေး ၁၅ ဦး အပါအဝင် လူ ၁၉ ဦးကို ဆေးရုံသို့ အရေးပေါ် ပို့ဆောင်ခဲ့ရသည်ဟု စင်ကာပူအရပ်ဘက်ကာကွယ်ရေးအဖွဲ့ (SCDF) ကပြောသည်။

သုံးထပ်ပါအိမ်ဆိုင်တိုက်ခန်းတွဲတွင် နေထိုင်လျက်ရှိသည့် လူ ၈၀ ခန့်ကို ရဲတပ်ဖွဲ့ဝင်များနှင့် SCDF အဖွဲ့ဝင်များက အနီးဝန်းကျင်ဘေးကင်းရာသို့ နေရာချပြောင်းရွှေ့ပေးခဲ့သည်။

SCDF အဖွဲ့များရောက်ရှိလာချိန်တွင် မီးသည် ဒုတိယထပ်နှင့် တတိယထပ်အထိ ရောက်ရှိနေပြီဖြစ်သည်။ အဆောက်အအုံအတွင်း နေထိုင်ကြသူများသည် တတိယထပ်အပြင်ပိုင်းတွင် စုရုံးရောက်ရှိနေသဖြင့် SCDF အဖွဲ့ဝင်များက မီးဘေးဒုက္ခကြုံတွေ့နေသူများကို လှေကားများအသုံးပြုကာ ဘေးကင်းရာသို့ ကယ်ထုတ်နိုင်ခဲ့သည်။

မီးလောင်ပြီး မိနစ် ၃၀ အကြာတွင် အဆိုပါ မီးကို ငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းအရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ဆင်ဟွာ**

# သူနာပြုကိုထိခိုက်နာကျင်အောင် ပြုလုပ်ခဲ့သည်ဆိုသော စွပ်စွဲချက်ဖြင့် ဂျပန်သရုပ်ဆောင် ဟီရိုဆု ဖမ်းဆီးခံရ

**တိုကျို ဧပြီ ၈**

ဂျပန်အမျိုးသမီး သရုပ်ဆောင် ဟီရိုဆုရိုကိုသည် ဆေးရုံတစ်ရုံ၌ သူနာပြုတစ်ဦးကို ထိခိုက်နာကျင်အောင် ပြုလုပ်ခဲ့သည်ဆိုသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရကြောင်း သိရသည်။

အဆိုပါ သရုပ်ဆောင်အမျိုးသမီးက သူနာပြုတစ်ဦးကို ကန်ကျောက်ပြီး ကုတ်ခြစ်မိမှုအတွက် ဂျပန်နိုင်ငံအလယ်ပိုင်း ရှီဇုအိုကာခရိုင် ရှီမဒါမြို့တွင် ဧပြီ ၈ ရက် အစောပိုင်းက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ သံသယရှိသူသည် ဧပြီ ၇ ရက်က ရှီဇုအိုကာခရိုင် ကာကီဂါဝါမြို့ရှင်း - တိုမိုင်အမြန်လမ်းတွင် ခရီးသည်တင်ကား မောင်းနှင်လာစဉ် နောက်တွဲယာဉ် နောက်ပိုင်းကို ဝင်တိုက်မိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဆက်ပြောသည်။ ထို့နောက် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

ဟီရိုဆု၏ မန်နေဂျာသည်လည်း ၎င်း၏ကားထဲတွင်ရှိခဲ့သည်ဟုဆိုသည်။ ဟီရိုဆုဆေးရုံသို့ ရောက်ရှိချိန်၌ သူနာပြုသုံးဦးမှ ပြုစုစောင့်ရှောက်ခဲ့ကြောင်း၊ ဆေးရုံဝန်ထမ်းများ၏ လုပ်ဆောင်မှုမှာ သင့်လျော်သည်ဟု ယုံကြည်ကြောင်း ရှီမဒါကုသရေးဌာနက သတင်းထောက်များအား ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**



# ငလျင်ဒဏ်ကြောင့် ဆက်သွယ်မှုပြတ်တောက်သွားသော မိုဘိုင်း ဆက်သွယ်ရေးစခန်းများ အမြန်ဆုံးပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်

**နေပြည်တော် ဧပြီ ၈**

အင်အားပြင်း ငလျင်လှုပ်ခတ်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုအတွင်း ဆက်သွယ်ရေး ဝန်ဆောင်မှုပေးနေသော မိုဘိုင်း ဆက်သွယ်ရေးစခန်း ၂၆၀၀၀ ကျော်ရှိသည့်အနက် စခန်းပေါင်း ၆၇၃၀ ဆက်သွယ်မှုပြတ်တောက်ခဲ့ရာ ပြန်လည်ကောင်းမွန်စေရေး အော်ပရေတာများ၏ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့မှုကြောင့် ဧပြီ ၇ ရက်တွင် စခန်းပေါင်း ၆၀၀၀ ခန့် ပြန်လည်ကောင်းမွန်လာပြီး နေပြည်တော်နယ်မြေရှိ မိုဘိုင်းစခန်းများ၏ ၉၆ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးရှိ မိုဘိုင်းစခန်းများ၏ ၈၈ ရာခိုင်နှုန်းကျော်၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ မိုဘိုင်းစခန်းများ၏ ၉၁ ရာခိုင်နှုန်း ဆက်သွယ်မှုများ ရရှိနေပြီဖြစ်သည်။

ငလျင်ဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများ အင်တာနက်ဝန်ဆောင်မှုများ ရရှိအသုံးပြုနိုင်စေရန် မြန်မာအင်တာနက်အိတ်ချိန်းအသင်းသည် Mudra စီမံကိန်းဖြင့် မန္တလေးတိုင်းဒေသကြီး မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာနှင့် ချမ်းမြသာစည် လေယာဉ်ကွင်း အဟောင်းတွင် Wi-Fi စင်တာနှစ်ခုကို ဖွင့်လှစ်ပြီး အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သည့် အင်တာနက်ဝန်ဆောင်မှုများကို သက်ဆိုင်ရာ Internet Service Provider(ISP)များက ထောက်ပံ့ပေးလျက်ရှိသည်။



မန္တလေးမြို့ရှိ အဆောက်အအုံခေါင်မိုး၌ တပ်ဆင်ထားသည့် မိုဘိုင်းစခန်းအမှတ်(MDY 00020) ပြိုကျပျက်စီးမှုအား ရှင်းလင်းစဉ်။

ထို့အပြင် MY MANDALAY Company Limited ကလည်း မန္တလေးတိုင်းဒေသကြီးအတွင်း မဟာအောင်မြေ မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စစ်ကိုင်းမြို့တို့တွင် ဝိုင်ဖိုင်အခမဲ့ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ငလျင်ဒဏ်ကြောင့် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ အော်တိုအိတ်ချိန်း ၉၅ ခု ချွတ်ယွင်းပျက်စီးခဲ့ပြီး ဧပြီ ၈ ရက်အထိ ၆၃ ခု ပြုပြင်ပေးနိုင်ခဲ့ပြီး ကျန်အိတ်ချိန်း ၃၂ ခုအား အမြန်ဆုံး ပြန်လည်ကောင်းမွန်စေရေးအတွက် ပြုပြင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ ငလျင်ဒဏ်သင့်ရာ ဒေသများရှိ တယ်လီဖုန်းတိုင်ကြိုးများ၊ ကေဘယ်လ်ကြိုးများ ရှင်းလင်းဖယ်ရှားခြင်းနှင့် မိုဘိုင်းစခန်းရှိ စက်ခန်းများ၊ တာဝါတိုင်များ ပုံမှန်လည်ပတ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နေပြည်တော် ဗဟိုစာတိုက်ကြီးတွင် ယာယီကောင်တာဖွင့်၍ ချောလက်ခံပေးခြင်း၊ ချောပစ္စည်းများ ပေးဝေခြင်းများ ဆောင်ရွက်လျက်ရှိပြီး မန္တလေးစာတိုက်ကြီး၏ ဝန်ဆောင်မှုလုပ်ငန်းများအား မန္တလေးရှိမြန်မာ့စာတိုက်လုပ်ငန်း၊ စာရွေးစာပို့ လုပ်ငန်းတွင် ကောင်တာခွဲဖွင့်လှစ်၍ အမြန်ချော၊ နိုင်ငံခြားချော၊ ငွေပို့လွှာကိစ္စရပ်များနှင့် လုပ်ငန်းသစ်ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိုဘိုင်းဆက်သွယ်ရေးစခန်း ၇၃၁ စခန်းသာ ပြုပြင်ရန်ကျန်ရှိ

**နေပြည်တော် ဧပြီ ၈**

မတ် ၂၈ က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် မိုဘိုင်းဆက်သွယ်ရေးစခန်း ၆၇၃၀ ချွတ်ယွင်းပျက်စီးခဲ့ကြောင်း၊ မိုဘိုင်းအော်ပရေတာများက ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ခဲ့သဖြင့် ဧပြီ ၆ ရက်အထိ စခန်း ၅၉၉၉ စခန်း ပြုပြင်ကောင်းမွန်သွားပြီဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းအနေဖြင့် ပြုပြင်ရန်ကျန် MPT စခန်း ၆၂ စခန်း၊ Atom စခန်း ၂၃၇ စခန်း၊ Ooredoo စခန်း ၁၆၄ စခန်း၊ Mytel စခန်း ၂၆၈ စခန်း စုစုပေါင်း ၇၃၁ စခန်းသာ ကျန်ရှိကြောင်းနှင့် ဆက်လက်ပြုပြင်လျက်ရှိကြောင်း သိရသည်။

ငလျင်ဒဏ်ကြောင့် မြန်မာ့စာတိုက်လုပ်ငန်း၏ စာတိုက် ၁၅ ခု ခေတ္တရပ်ဆိုင်းခဲ့ရသော်လည်း မတ် ၃၁ တွင် လုပ်ငန်းများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ပြီဖြစ်ကြောင်း၊ နေပြည်တော် စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင်လည်း ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်ပြန်လည်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြင်းထန်သော မြေငလျင်ကြီးကြောင့် ပျက်စီးမှုများစွာအနက် လျှပ်စစ်မီးများ အလျင်အမြန်ပြန်လည်ရရှိခြင်း၊ ဆက်သွယ်မှုများ မြန်ဆန်စွာ ပြန်လည်ရရှိခြင်း၊ ယာယီအဆောက်အအုံများ ဆောက်လုပ်ပြီးစီးနေရာချနိုင်ခြင်းတို့အပါအဝင် Quick win လုပ်ဆောင်နိုင်မှုအများအပြားကြောင့် ပြည်သူအများစုနှင့် ဝန်ထမ်းများက နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာ ဝန်ထမ်းများအပေါ် အသိအမှတ်ပြု ကျေးဇူးတင်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ **သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် ဧပြီ ၈**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောက်မီးအထက်တန်းကျောင်းသို့ ထိုင်းနိုင်ငံ ကူညီကယ်ဆယ်ရေးအဖွဲ့များ လာရောက်ကြည့်ရှု

**မန္တလေး ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့်အတူ ထိုင်းနိုင်ငံကူညီကယ်ဆယ်ရေးအဖွဲ့များသည် ယနေ့ မွန်းလွဲ ၃ နာရီက ပုသိမ်ကြီးမြို့နယ် ကျောက်မီးကျေးရွာရှိ အထက ကျောက်မီး၌ ထိခိုက်ပျက်စီးမှုကို ပြန်လည်ပြင်ဆင်နေသည့် ထိုင်းအင်ဂျင်နီယာအဖွဲ့၏ ဆောင်ရွက်ထားမှုကို လာရောက်ကြည့်ရှုကြသည်။

အဆိုပါကျောင်း ပန်းမြိုင်လယ်အဆောင် အပေါ်ထပ်ရှိ ထိခိုက်ပျက်စီးခဲ့သည်များကို ထိုင်းနိုင်ငံ အင်ဂျင်နီယာအဖွဲ့က ပြန်လည်ပြုပြင်လျက်ရှိပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်အတူ ထိုင်းနိုင်ငံမှ ဗိုလ်မှူးကြီး Mr.Thcrdsak Jaiarree နှင့် အဖွဲ့များက ပြန်လည်ပြင်ဆင်မှုများနှင့် ပျက်စီးမှုများကို လိုက်လံကြည့်ရှုကြသည်။ ထိုင်းနိုင်ငံမှ တည်ဆောက်ပြုပြင်မှုများအပြင် စာသင်ကျောင်းအတွက် လိုအပ်သည့်ပစ္စည်းများကိုလည်း ပံ့ပိုးလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇာနည်ကိုကို**



# ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် အခြေခံကုန်မျိုးစုံကို သက်သာသောဈေးနှုန်းဖြင့် ၁၀ ရက်မြောက်နေ့ လှည့်လည်ရောင်းချ

**နေပြည်တော် ဧပြီ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း



ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ဧပြီ ၈ ရက်တွင် ၁၀ ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးကြောင်း သိရသည်။

**ဆက်လက်ရောင်းချပေးမည်**

၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၈ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီ ဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့ (မနောသုခ-Export Quality) ၇၅၂၅ အိတ်၊ ဆန်ငါးပြည်ဆံ့ (ဖျာပုံပေါ်ဆန်း)၁၅၇၅ အိတ်၊ ဆီ ပိဿာ ၁၅၇၀၀၊ ဆား ၅၀ ကျပ်သားပါအိတ် ၁၇၀၀၊ ဆား ၂၅ ကျပ်သားပါ ၃၁၇၁ အိတ်၊ ငါးပိ ၂၀ ကျပ်သားပါဘူး ၁၀၄၀၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၃၈၅၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်း နှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်သည်။

**အခမဲ့ဖြန့်ဝေပေး**

အလားတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (မနောသုခ) အိတ် ၂၈၀၊ စားအုန်းဆီ ပိဿာ ၁၉၈၀၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့(ရွှေဝါထွန်း) အိတ် ၂၀၀၊ စားအုန်းဆီ ပိဿာ ၂၈၅၀၊ ကြက်ဥအလုံး ၄၃၆၀၊ ကြက်သွန်နီပိဿာ ၄၅၀၊ အသားတု ၁၅ ပိဿာတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မတ် ၂၈ ရက်က ပြင်းထန်သော မြေငလျင်ကြီး လှုပ်ခတ်ပြီး နောက်ပိုင်း မေ ၈ ရက် ညနေပိုင်းအထိ နောက်ဆက်တွဲ ငလျင် ၁၀၄ ကြိမ် လှုပ်ခတ်ခဲ့ တစ်နေ့ထက်တစ်နေ့ အကြိမ်ရေ လျော့နည်းသွားသကဲ့သို့ ပြင်းအားပမာဏလည်း သိသာစွာ လျော့နည်း

**နေပြည်တော် မေ ၈**

အင်အားပြင်းထန်၍ ဗဟိုချက် အနက်တိမ်သော ငလျင်ကြီးများသည် လှုပ်ရှားပြီးပါက နောက်ဆက်တွဲ ငလျင်များ လှုပ်ရှားနိုင်သည့် အလားအလာရှိကြောင်း၊ ၂၀၁၂ ခုနှစ်ကလည်း အင်အားပြင်းထန်သည့် ငလျင်ကြီးလှုပ်ရှားမှုကြောင့် နောက်ဆက်တွဲ ငလျင်အကြိမ် ၁၀၀ ခန့် လှုပ်ရှားခဲ့ဖူးကြောင်း၊ ရွှေ့လျားသွားသော မြေသားများ ပုံမှန်အနေအထားသို့ရောက်ရှိရန် ပြုလုပ်ကြရသဖြင့် နောက်ဆက်တွဲ ငလျင်များ လှုပ်ရှားနိုင်ကြောင်း မိုး / ဇလက အသိပေးထားပြီးဖြစ်သည်။

မတ် ၂၈ ရက်က ပြင်းထန်သော ငလျင်ကြီးလှုပ်ခတ်ပြီးနောက်ပိုင်း မေ ၈ ရက် ညနေပိုင်းအထိ နောက်ဆက်တွဲငလျင် ၁၀၄ ကြိမ် လှုပ်ခတ်ခဲ့ကြောင်း၊ တစ်နေ့ထက် တစ်နေ့ အကြိမ်ရေ လျော့နည်းသွားသကဲ့သို့ ပြင်းအားပမာဏလည်း သိသိသာသာ လျော့နည်းသွားပြီဖြစ်ကြောင်း၊ မေ ၈ ရက် ညနေ ၅ နာရီ ကျော်က နောက်ဆုံးလှုပ်ခတ်ခဲ့သည့် ငလျင်ပြင်းအားမှာ ရစ်ခ်တာစကေး ၃ ဒသမ ၉ သာ ရှိကြောင်း သိရသည်။

ငလျင်သည် မည်သည့်နေရာတွင် အင်အားပမာဏ မည်မျှဖြင့် မည်သည့်အချိန်တွင် လှုပ်ရှားမည်ကို ယနေ့အချိန်အထိ ကမ္ဘာပေါ်၌ မည်သည့်နိုင်ငံမှ တိတိကျကျ ကြိုတင်မခန့်မှန်းနိုင်သော သဘာဝဘေးတစ်မျိုးဖြစ်သည့်အတွက်လည်းကောင်း၊ ငလျင်သည် အချိန်၊ ကာလ၊ ရာသီမရှိဘဲ အချိန်အခါမရွေး၊ ရာသီမရွေးဖြစ်ပေါ်နိုင်သော သဘာဝဘေးတစ်မျိုးဖြစ်၍ မိုး / ဇလက အသိပညာပေးထားသကဲ့သို့ ရင်ဆိုင်ဖြေရှင်းနိုင်ရေး ကြိုတင်ပြင်ဆင်မှုအစီအမံများ ဆောင်ရွက်ထားရန်သာ လိုအပ်သည်ဟု သိရှိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇)တွင် ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများအတွက် ယာယီအဆောက်အအုံ(ဘာရှာတဲ)များ တည်ဆောက်၍ နေရာချထား၊ ရုံးလုပ်ငန်းများပုံမှန်လည်ပတ်

**နေပြည်တော် မေ ၈**



အင်အားပြင်း ငလျင်လှုပ်ခတ်မှုအပြီးတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် ဦးစီးသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီမှ ဝန်ထမ်းမိသားစုများကို ဘေးကင်းရာသို့ ချက်ချင်းရွှေ့ပြောင်း ဆောင်ရွက်ပေးပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ် (၁၇) တွင် စုစုပေါင်း အဆောင်ငါးလုံး တည်ဆောက် နေရာချထားပြီး ယာယီသန့်စင်ခန်း (ယင်လုံအိမ်သာ) ၁၅ လုံး တည်ဆောက်ပေးရေးဆောင်ရွက်လျက်ရှိသည်။

ဝန်ထမ်းအိမ်ထောင်စု ၆၇ စု၊ ဝန်ထမ်း ၈၃ ဦး၊ မှီခို ၁၂၃ ဦး စုစုပေါင်း ၂၀၆ ဦးအား စနစ်တကျ နေရာချထား ဆောင်ရွက်ပေးပြီး စားသောက်ရေးအနေဖြင့် ရုံးဝင်းအတွင်း ယာယီနေအိမ်ခန်းများတွင် နေထိုင်သူများနှင့် နေ့စဉ် ရုံးတက်လျက်ရှိသော ဝန်ထမ်းအင်အား စုစုပေါင်း ၄၂၀ အား ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ အစီအစဉ်ဖြင့် ရိက္ခာစုဆောင်းထားပြီး နေ့စဉ်ချက်ပြုတ်ကျွေးမွေးခြင်း၊ ဝန်ထမ်းအိမ်ရာတွင် ဆက်လက် နေထိုင်သော အိမ်ထောင်စု ၃၄ စု၊ ဝန်ထမ်းအင်အား ၇၅ ဦး၊ မှီခို ၂၈ ဦး ပေါင်း ၁၀၃ ဦးအတွက် နေ့စဉ်နေ့လယ်စာနှင့် ညနေစာများအား ထမင်းဘူးများဖြင့် အိမ်ရာအရောက် ဖြန့်ဝေပေးလျက်ရှိသည်။

ရေပေးဝေမှုအနေဖြင့် ရုံးပိုင်ရေကား၊ မီးသတ်တပ်ဖွဲ့နှင့် တပ်မတော် ရေသယ်ယာဉ်များ အသုံးပြု၍ ရုံးဝင်းအတွင်း ယာယီ နေအိမ်ခန်းများအတွက် ဂါလန် ၄၀၀ ဆံ့ ရေတိုင်ကီငါးလုံး ဖြန့်ခွဲချထားပြီး သုံးရေအတွက် နေ့စဉ်ဖြည့်တင်းဆောင်ရွက်ပေးခြင်း၊ သုံးရေအား ဌာနပိုင် ရေသယ်ကားများဖြင့် ဖြန့်ဝေပေးခြင်း၊ သောက်သုံးရေအနေဖြင့် ရေသန့်စက်များမှ ရေသန့်ဘူးများဖြင့် ဖြန့်ဝေခြင်း၊ ရုံးတွင်းသို့ ပြောင်းရွှေ့ နေရာချထားသော မိသားစုများအတွက် ရေသန့် သောက်သုံးရေကို အိမ်ထောင်စု တစ်စုလျှင် ဂါလန် ၃၀ ဆံ့ ရေပုံး တစ်လုံးစီ ဖြန့်ဝေပေးထားပြီး ဂါလန် ၂၀၀ ဆံ့ ရေတင်ကားဖြင့် ဖြန့်ဝေပေးလျက်ရှိသည်။ ရုံးအနီးဆည်အမှတ် (၂၆) နှင့် (၂၈) မှ ရေများအား ပိုးသတ်ဆေးခတ်၍ စနစ်တကျ သန့်စင်ပြီး သုံးရေအဖြစ် ဖြန့်ဝေအသုံးပြုရန် ဆောင်ရွက်ပေးလျက်ရှိသည်။

လျှပ်စစ်မီး ဖြန့်ဝေမှုအနေဖြင့် ရုံးလုပ်ငန်းများအတွက် လျှပ်စစ်မီးအသုံးပြုနိုင်ရေး၊ လျှပ်စစ်ကျွမ်းကျင်သူများဖြင့် စနစ်တကျ စစ်ဆေးခဲ့ပြီး ရုံးဝင်းအတွင်း ယာယီအိမ်ခန်းများအတွက် မီးလုံး၊ မီးချောင်းများသွယ်တန်း၍ ညစဉ် ၇ နာရီမှ ၉ နာရီအထိ လျှပ်စစ်မီး ရရှိရေး မီးစက်ငယ်သုံးလုံးဖြင့် ဆောင်ရွက်ပေးထားပြီး အရေးပေါ်အသုံးပြုရန် ၁၅၀ KVA ရုံးသုံးမီးစက်ကြီးအား အရန်ဆောင်ရွက်ထားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇) စားရိပ်သာတွင် ယာယီရုံးခန်းများ ပြန်လည်နေရာချထားပြီး ဌာနအလိုက် ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဗီယက်နမ်အစိုးရထံက လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ ရောက်ရှိ

**နေပြည်တော် မေ ၈**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန် စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ဗီယက်နမ်အစိုးရက လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါပစ္စည်းများမှာ ရွက်ဖျင်တဲ၊ အစားအစာနှင့် ဆေးနှင့်ဆေးပစ္စည်းများ ၂၂၁၃၉ ကီလိုဂရမ်ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ တာဝန်ရှိတို့က ကြိုဆိုနှုတ်ဆက်ကြပြီး Department of Fire Fighting and Rescueing မှ Lieutenant General၊ Director General Ngyyen Tuan Ang က လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်သို့ ငလျင်ဘေးသင့်ပြည်သူများ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

**နေပြည်တော် မေ ၈**

ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ စေတနာရှင်၊ အလှူရှင်များက တြိဂံဒေသတိုင်းစစ်ဌာနချုပ်သို့ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ဆက်သွယ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ၏ ဦးဆောင်မှုဖြင့် အနယ်နယ်အရပ်မှ စေတနာရှင်/ အလှူရှင်များက အလှူငွေများ၊ သောက်ရေသန့်ဘူးများ၊ အသင့်စား အစားအသောက်များ၊ ထောက်ပံ့ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ကျန်းမာရေးဆိုင်ရာ ပစ္စည်းများကို ဆက်သွယ်လှူဒါန်းကြသည်။

အဆိုပါ ငလျင်ဘေးသင့်ပြည်သူများအတွက် ဆက်သွယ်လှူဒါန်းမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်က လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးပို့ခဲ့သည်။ ယနေ့တွင် ငွေကျပ် ၄၂၇ သိန်းကျော် တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို လက်ခံရရှိပြီး ရရှိထားသော ထောက်ပံ့ပစ္စည်းများကို ငလျင်ဘေးသင့်ဒေသများသို့ ရောက်ရှိနိုင်ရေး ကူညီပို့ဆောင်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်–

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ မဟာသင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် အထူးရထားခရီးစဉ်များပြေးဆွဲမည်

**နေပြည်တော် ဧပြီ ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားသည် ၂၀၂၅ ခုနှစ် မဟာသင်္ကြန် နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် ရန်ကုန် -ပြည် -ရန်ကုန်နှင့် ရန်ကုန် -မော်လမြိုင် -ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၁၁.၄.၂၀၂၅ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၂ | ၁၁.၄.၂၀၂၅ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |
| ၃ | ၁၁.၄.၂၀၂၅ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၄ | ၁၁.၄.၂၀၂၅ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၅ | ၁၂.၄.၂၀၂၅ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၆ | ၁၂.၄.၂၀၂၅ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |
| ၇ | ၁၂.၄.၂၀၂၅ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၈ | ၂၀.၄.၂၀၂၅ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၉ | ၂၀.၄.၂၀၂၅ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |
| ၁၀ | ၂၀.၄.၂၀၂၅ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၁၁ | ၂၁.၄.၂၀၂၅ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၁၂ | ၂၁.၄.၂၀၂၅ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |
| ၁၃ | ၂၁.၄.၂၀၂၅ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၁၄ | ၂၁.၄.၂၀၂၅ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |

အထက်ပါနေ့ရက်များအလိုက် အထူးရထားများအပြင် ရန်ကုန် -မန္တလေးလမ်းပိုင်းတွင် ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်အဖြစ် အမှတ်(၁၁)အဆန်/(၁၂)အစုန် ရထားအား ပုံမှန်အတိုင်းပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရန်ကုန် -နေပြည်တော် - ရန်ကုန် ခရီးစဉ်အဖြစ် အမှတ်(၇)အဆန်/ (၈)အစုန် DEMU ရထားအား အောက်ဖော်ပြပါနေ့ရက်များအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၁၀.၄.၂၀၂၅ | (၇) အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၂ | ၁၀.၄.၂၀၂၅ | (၈) အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |
| ၃ | ၁၂.၄.၂၀၂၅ | (၇) အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၄ | ၁၂.၄.၂၀၂၅ | (၈) အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |
| ၅ | ၂၀.၄.၂၀၂၅ | (၇) အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၆ | ၂၀.၄.၂၀၂၅ | (၈) အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |

မြန်မာ့မီးရထားအနေဖြင့် ပြင်းထန်သောငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော ရထားလမ်းပိုင်းများကို အမြန်ဆုံးပြင်ဆင်၍ ပြေးဆွဲနိုင်ရေးဆောင်ရွက်ခဲ့ရာ ဧပြီ ၅ ရက်တွင် ရန်ကုန် -မန္တလေး လမ်းပိုင်း၌ ရထားများ ပြန်လည်ပြေးဆွဲနိုင်ပြီဖြစ်သည်။ ယခုအခါ ငလျင်ဘေးဒဏ်မကျရောက်မီက ပြေးဆွဲခဲ့သော သတ်မှတ်အမြန်နှုန်းများအတိုင်း ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ ရထားခရီးစဉ်များကို အချိန်မှန်မြန်ဆန်စွာပြန်လည်ပြေးဆွဲနိုင်ပြီဖြစ်သည်။

ရထားစီးခရီးသွားပြည်သူများအတွက် ရထားလက်မှတ်များလွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးအတွက် အထက်တန်းလက်မှတ်အား (၃)ရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား (၁)ရက်ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများနှင့် လက်မှတ်အရောင်းဌာနများတွင် ရောင်းချပေးသွားမည်ဖြစ်ပြီး ရထားလက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ ပုံမှန်ပြေးဆွဲနေသည့် ရထားများအတိုင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းစဉ်။

## ငလျင်ဘေးဒဏ်သင့်ဒေသများအတွက် တရုတ် အမျိုးသားရေနံနှင့် သဘာဝဓာတ်ငွေ့ကော်ပိုရေးရှင်း (CNPC) က အမေရိကန်ဒေါ်လာ နှစ်သိန်းတန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဧပြီ ၈**

မြန်မာနိုင်ငံရှိ ပိုက်လိုင်းကုမ္ပဏီမှတစ်ဆင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းမှုဖြင့် တရုတ် အမျိုးသားရေနံနှင့် သဘာဝဓာတ်ငွေ့ကော်ပိုရေးရှင်း (CNPC) မှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းတို့အတွက် အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ တန်ဖိုးရှိ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ လာရောက်လှူဒါန်းကြသည်။

ထိုသို့လှူဒါန်းစဉ် တရုတ်သံရုံးမှ သံမှူး Mr. Ouyang Daobing က လှူဒါန်းရသည့်အကြောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

တရုတ်အမျိုးသား ရေနံနှင့် သဘာဝဓာတ်ငွေ့ကော်ပိုရေးရှင်း (CNPC) မှ တာဝန်ရှိသူများက မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနအတွက် ဆန် ၈၆ တန်၊ ဆီ ၂၆၀၈ လီတာ၊ နေပြည်တော်ကြက်ခြေနီအသင်းအတွက် ဆန် ၁၇၂ တန်၊ ဆီ ၅၂၁၆ လီတာ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အတွက် ဆန်တန် ၇၀ ၊ ဆီလီတာ ၂၅၉၀ နှင့် ခေါက်ဆွဲခြောက် ကီလိုဂရမ် ၂၀၀၀ ပါဝင်သော ကယ်ဆယ်ရေးပစ္စည်းများကို သက်ဆိုင်ရာ ရုံး၊ ဌာနများသို့ သွားရောက်ပေးအပ်လှူဒါန်းရာ စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်ကြက်ခြေနီအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## MYANMAR SWAT INTERNATIONAL SECURITY GROUP မှ ငလျင်ဘေးဒဏ်သင့် နိုင်ငံ့ဝန်ထမ်းများအား စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ သွားရောက်လှူဒါန်း

**နေပြည်တော် ဧပြီ ၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများမှ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းမိသားစုများအတွက် ယနေ့နံနက်ပိုင်းတွင် MYANMAR SWAT INTERNATIONAL SECURITY GROUP ကစားသောက်ဖွယ်ရာများကို ဝန်ထမ်းအိမ်ရာများသို့ သွားရောက်လှူဒါန်းကြသည်။

နံနက်ပိုင်းတွင် MYANMAR SWAT INTERNAT-IONAL SECURITY GROUP ဥက္ကဋ္ဌ Mr. Duan သည် ငလျင်ဘေးဒဏ်သင့်ခဲ့သည့် လယ်ဝေးမြို့နယ်ရှိ ငလျင်ဘေးဒဏ်သင့်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းမိသားစု ၆၉ စုအတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငါးခြောက်၊ ဝက်အူချောင်းနှင့် ရေလှောင်ပုံးများကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ်ရှိ ငလျင်ဘေးဒဏ်သင့် နိုင်ငံ့ဝန်ထမ်းမိသားစု ၄၇ စုအတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငါးခြောက်၊ ဝက်အူချောင်းနှင့် ရေလှောင်ပုံးများကိုလည်းကောင်း ယာယီအခြေပြုသည့်နေရာများသို့ သွားရောက်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ ငလျင်ဘေးဒဏ်သင့် နိုင်ငံ့ဝန်ထမ်းမိသားစု ၈၃၂ စုတို့အတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငါးခြောက်၊ ဝက်အူချောင်းနှင့် ရေလှောင်ပုံးများကို ယာယီအခြေပြုသည့်နေရာများသို့သွားရောက်၍ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းသည်။

ဧပြီ ၉ ရက်တွင်လည်း အမှန်တကယ် လိုအပ်ချက်ရှိသည့် ငလျင်ဘေးဒဏ်သင့်ပြည်သူများ ယာယီအခြေပြုနေရာများသို့ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငါးခြောက်၊ ဝက်အူချောင်းနှင့် ရေလှောင်ပုံးများ ဆက်လက်သွားရောက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**အိမ်ပြင်ပဉ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြား မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE – MYEBMMMY**
- **Beneficiary Name – Natural Disaster Management Fund**
- **Beneficiary A/C No–EDN–600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**































ငလျင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် ထိုင်ချပါ။ ဦးခေါင်းကို ဦးစားပေး အကာအကွယ်ယူပါ။ အခိုင်အမာဆုံးနေရာကို မြဲမြံစွာ ကိုင်ထားပါ။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၈၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်



**နေပြည်တော် မေ ၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-မင်းလက်ပံနှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်၍ စနစ်တကျပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၈၉ ဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ ပြည်ပနိုင်ငံသားများအတွက် ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးမှ Counsellor Mr. Md. Fahad. Pervez. Bosunia နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar Cabrito Moso နှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ တူနီးရှားသမ္မတနိုင်ငံသံရုံးမှ Deputy Chief of Mission Mr. Wissem Moatemri နှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ ဂါနာသမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Bernaro Yanzy နှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ နမီးဘီးယားသမ္မတနိုင်ငံသံရုံးမှ Second Secretary Ms. Laina S Mundilo နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရိုမေးနီးယားသံရုံးမှ Deputy Head of Mission Ms. Madalina Guta နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ Deputy Chief of Mission Ms. Bui Thi Hue နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံးမှ Counsellor Mr. Tanvir Ahmad နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၃၉ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၂၃၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၀၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး / ပြည်နယ် ခြောက်ခုတွင် မေ ၈ ရက်အထိ သေဆုံးသူ ၃၅၉၁ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၁၄ ဦးနှင့် ပျောက်ဆုံးသူ ၁၄၈ ဦး ရှိပါသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၁၂ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့် ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ မေ ၇ ရက် မွန်းလွဲပိုင်းမှစ၍ မေ ၈ ရက်အတွင်း ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်များသို့ ဘယ်လာရုစ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ လေယာဉ်စင်းရေ ငါးစင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၆၀ ဒသမ ၄၆ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်းပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံး ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ရာဇဝင်တွင်တဲ့ PDF တို့ရဲ့ ယုတ်မာမှု"** ခေါင်းစဉ်ဖြင့် မေ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"သဘာဝဘေးကြောင့် စားဝတ်နေရေးကစလို့ အရာအားလုံး ခက်ခဲနေချိန်မှာ ဖောက်ခွဲဖျက်ဆီးရေးတွေကို လုပ်နိုင်သေးတဲ့ အကြမ်းဖက်သမားတွေရဲ့ စိတ်ယုတ်မာများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Khin Hnin Yu" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဈေးမရပ်ကွက်နေ ခင်နှင်းယုအား ည ၇ နာရီ ၂၅ မိနစ်တွင် စလင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှော့ဒဏ်သင့်ဒေသများ၌ မီးသတ်ဦးစီးဌာနမှ ရောဂါများကူညီပေးမှုအတွက် ငွေတောင်းခံပါက တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ

| စဉ် | ဌာန | ဖုန်းနံပါတ် | ဆက်သွယ်ရမည့် တာဝန်ခံအမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ရန်ကုန်(ရုံးချုပ်) | ၀၁-၈၆၆၆၉၁၂၊ ၀၁-၈၆၆၆၉၁၃ | ဦးတင့်ခိုင် လက်ထောက်ညွှန်ကြားရေးမှူး | |
| ၂ | နေပြည်တော်(ကွပ်ကဲရုံး) | ၀၉-၄၄၀၀၂၈၇၁၅ | ဦးမြတ်သီဟ ညွှန်ကြားရေးမှူး | |
| | | ၀၆၇-၃၄၂၀၀၀၅ | ဦးအောင်ဇော်ငြေး ဒုတိယညွှန်ကြားရေးမှူး | |
| | | ၀၉-၂၆၅၅၃၉၇၀၀ | ဦးဝင်းမင်းထွန်း ဦးစီးအရာရှိ | |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး | ၀၇၁-၂၀၂၁၁၇၁ | ဦးသိန်းသန်းလင်း လက်ထောက် မီးသတ်ဦးစီးမှူး | |
| ၄ | မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး | ၀၉-၄၄၀၇၃၄၃၉၆ | မိုးမင်းဝင်း၊ တပ်ကြပ်ကြီး | |
| | | ၀၉-၄၂၅၀၀၃၄၅၃ | ဦးသန်းအောင် လက်ထောက်မီးသတ်ဦးစီးမှူး | |
| | | ၀၉-၄၄၉၈၃၉၆၅၂ | မင်းမင်းသူ၊ တပ်ကြပ်ကြီး | |

# လျှော့ဒဏ်သင့်ဒေသများ၌ လုယက်မှု၊ ဓားပြတိုက်မှုများဖြစ်ပေါ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဌာန/ တာဝန် | အဆင့် | အမည် | ရုံးဖုန်း | လက်ကိုင်ဖုန်း |
|---|---|---|---|---|---|---|
| ၁ | နေပြည်တော် ကောင်စီနယ်မြေ | ဦးစီး(ပ) ဦး/ရေး/ထောက်၊ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး | ဒုရဲမှူးကြီး | မျိုးလွင် | - | ၀၉ ၄၂၄၉၉၀၀၀၉ |
| ၂ | | ခရိုင်ရဲတပ်ဖွဲ့မှူး၊ လယ်ဝေးခရိုင်ရဲတပ်ဖွဲ့ | ယာယီ ဒုရဲမှူးကြီး | အေးကျော် | ၀၆၇ ၅၅၀၃၃၇ | ၀၉ ၄၂၈၁၁၈၃၃၂ |
| ၃ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒက္ခိဏသီရိမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | လှစိုး | ၀၆၇ ၄၃၄၁၉၉ | ၀၉ ၂၅၈၄၉၄၅၉၁ |
| ၄ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ လယ်ဝေးမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | အေးကျော် | ၀၆၇ ၃၀၄၈၉ | ၀၉ ၂၅၀၁၇၇၉၄၀ |
| ၅ | | ခရိုင်ရဲတပ်ဖွဲ့မှူး၊ ပျဉ်းမနားခရိုင်ရဲတပ်ဖွဲ့ | ဒုရဲမှူးကြီး | သိန်းထွန်း ဇော် | ၀၆၇ ၅၅၀၃၃၇ | ၀၉ ၂၆၃၇၁၉၈၃၅ |
| ၆ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဇမ္ဗူသီရိမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | အောင်မျိုး ဇော်လွင် | ၀၆၇ ၅၅၀၁၇၅ | ၀၉ ၂၆၃၆၉၇၈၉၇ |
| ၇ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | အောင်မင်း | ၀၆၇ ၂၂၆၃၀ | ၀၉ ၂၅၇၉၈၂၆၂၁ |
| ၈ | | ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဥတ္တရခရိုင်ရဲတပ်ဖွဲ့ | ဒုရဲမှူးကြီး | စံသူ | ၀၆၇ ၄၃၅၃၁၀ | ၀၉ ၇၅၄၀၃၅၅၆၉ |
| ၉ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဥတ္တရသီရိမြို့နယ် ရဲတပ်ဖွဲ့ | ရဲမှူး | ငြေးဝင်း | ၀၆၇ ၄၁၇၆၄၂ | ၀၉ ၄၄၉၁၈၆၄၀၈ |
| ၁၀ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ တပ်ကုန်းမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | မြစိုး | ၀၆၇ ၇၀၀၀၂ | ၀၉ ၄၄၄၄၃၁၁၇၆ |
| ၁၁ | | ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဇေယျာသီရိခရိုင်ရဲတပ်ဖွဲ့ | ဒုရဲမှူးကြီး | မောင် မောင်ဦး | ၀၆၇ ၅၁၀၂၀၈ | ၀၉ ၆၉၉၉၃၉၉၆၆ |
| ၁၂ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဇေယျာသီရိမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | ဇော်ဝင်း | ၀၆၇ ၈၉၈၅၂၃၄ | ၀၉ ၄၄၉၀၉၉၀၇၅ |
| ၁၃ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | ရန်နိုင် | ၀၆၇ ၅၁၀၁၄၀ | ၀၉ ၂၅၀၁၀၄၄၃၀ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဌာန/ တာဝန် | အဆင့် | အမည် | ရုံးဖုန်း | လက်ကိုင်ဖုန်း |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်း ဒေသကြီး ရဲတပ်ဖွဲ့ | ဦးစီး(ပ) ဦး/ရေး/ထောက်၊ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့မှူးရုံး | ဒုရဲမှူးကြီး | တင်ထူး | - | ၀၉ ၂၅၅၆၆၀၆၇၃ ၀၉ ၃၉၁၀၁၉၅၁ |
| ၂ | | ခရိုင်ရဲတပ်ဖွဲ့မှူး၊ စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ | ဒုရဲမှူးကြီး | ကျော်ညွန့် | | ၀၉ ၇၇၂၉၂၅၈၃၆ |
| ၃ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့ | ရဲမှူး | ဇော်ဇော်ထွေး | ၀၇၂ ၂၁၀၀၉ | ၀၉ ၂၆၇၇၇၂၁၅၁ |
| ၄ | | ခရိုင်ရဲတပ်ဖွဲ့မှူး၊ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့ | ဒုရဲမှူးကြီး | အောင်ရာဇာဖြိုး | | ၀၉ ၄၅၅၀၀၇၇၉၀ |
| ၅ | | ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ရွှေဘိုမြို့နယ်ရဲတပ်ဖွဲ့ | ဒုရဲမှူး | ထွန်းထွန်းလင်း | - | ၀၉ ၇၉၁၈၉၄၂၁၆ |
| ၆ | | ခရိုင်ရဲတပ်ဖွဲ့မှူး၊ မုံရွာခရိုင်ရဲတပ်ဖွဲ့ | ဒုရဲမှူးကြီး | တင်အောင် | ၀၇၁ ၂၁၀၃၉ | ၀၉ ၄၀၃၃၃၂၀၅၇ |
| ၇ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မုံရွာမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | သိန်းထွန်း | ၀၇၁ ၂၁၀၂၈ | ၀၉ ၄၄၁၀၅၄၃၂၀ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဌာန/ တာဝန် | အဆင့် | အမည် | ရုံးဖုန်း | လက်ကိုင်ဖုန်း |
|---|---|---|---|---|---|---|
| ၁ | မန္တလေး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး | ဦးစီး(ပ)ဦး/ရေး/ ထောက်၊ မန္တလေးတိုင်းရဲတပ်ဖွဲ့မှူးရုံး | ဒုရဲမှူးကြီး | နိုင်ဦးကျော် | - | ၀၉ ၂၅၀၇၈၁၃၉၁ |
| ၂ | | ခရိုင်ရဲတပ်ဖွဲ့မှူး၊ မဟာအောင်မြေခရိုင်ရဲတပ်ဖွဲ့ | ဒုရဲမှူးကြီး | ဝဏ္ဏအောင် | | ၀၉ ၂၆၉၄၈၁၁၄၀ |
| ၃ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မဟာအောင်မြေရဲတပ်ဖွဲ့ | ရဲမှူး | စည်သူကျော် | | ၀၉ ၄၀၀၃၇၈၄၆၀ ၀၉ ၈၉၇၅၀၈၂၀၅ |
| ၄ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ချမ်းအေးသာစံမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | သန်းဇော်လေး | | ၀၉ ၅၂၃၃၂၅၈ |
| ၅ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ချမ်းမြသာစည်မြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | ဇော်ဝင်းကျော် | | ၀၉ ၂၇၆၁၁၁၁၃ ၀၉ ၈၉၇၅၀၈၂၁၆ |
| ၆ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ပြည်ကြီးတံခွန်မြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | ဇေယျာသန်း | | ၀၉ ၄၄၂၀၇၈၀၅၆ ၀၉ ၈၉၇၅၀၈၂၁၇ |
| ၇ | | ခရိုင်ရဲတပ်ဖွဲ့မှူး၊ အောင်မြေသာဇံခရိုင်ရဲတပ်ဖွဲ့ | ဒုရဲမှူးကြီး | စိန်ယု | | ၀၉ ၄၂၅၀၆၃၆၂၁ |
| ၈ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ အောင်မြေသာဇံမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | လှမိုး | | ၀၉ ၂၆၀၄၆၅၄၈၀ |
| ၉ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ပုသိမ်ကြီးမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | ကြည်ခိုင်ကျော် | | ၀၉ ၇၆၉၉၆၁၄၉၀ |
| ၁၀ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မတ္တရာမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | ကျော်ဆန်းဦး | | ၀၉ ၆၉၈၅၇၅၆၅၄ |
| ၁၁ | | ခရိုင်ရဲတပ်ဖွဲ့မှူး၊ အမရပူရခရိုင်ရဲတပ်ဖွဲ့ | ဒုရဲမှူးကြီး | ကျော်သာဦး | | ၀၉ ၂၅၉၃၁၉၉ |
| ၁၂ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ အမရပူရမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | စိုးဝင်းသန်း | | ၀၉ ၂၁၇၃၈၅၀ |
| ၁၃ | | ခရိုင်ရဲတပ်ဖွဲ့မှူး၊ ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့ | ယာယီ ဒုရဲမှူးကြီး | မြင့်ဝင်း | | ၀၉ ၆၉၅၉၂၀၆၃၆ |
| ၁၄ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ကျောက်ဆည်မြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | ကျော်စိုးမိုး | | ၀၉ ၂၅၅၅၀၇၄၆၆ |
| ၁၅ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြစ်သားမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | ငြေးဝင်း | | ၀၉ ၂၅၆၃၇၆၂၄၁ |
| ၁၆ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စဉ့်ကိုင်မြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | သိန်းလွင် | | ၀၉ ၄၂၃၆၆၉၇၇၆ |
| ၁၇ | | ခရိုင်ရဲတပ်ဖွဲ့မှူး၊ တံတားဦးခရိုင်ရဲတပ်ဖွဲ့ | ဒုရဲမှူးကြီး | ခင်မောင်ဇော် | | ၀၉ ၈၉၉၉၇၂၄၂၃ |
| ၁၈ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ တံတားဦးမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | ထွန်းထွန်းနိုင် | | ၀၉ ၉၆၃၉၃၃၃၃၀ |
| ၁၉ | | ခရိုင်ရဲတပ်ဖွဲ့မှူး၊ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ | ယာယီ ဒုရဲမှူးကြီး | အေးမင်း | | ၀၉ ၄၂၅၂၈၃၃၃၄ |
| ၂၀ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | အောင်မြသန်း | | ၀၉ ၂၅၈၈၀၀၅၀၅ |
| ၂၁ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ သာစည်မြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | အောင်နိုင် | | ၀၉ ၂၅၄၁၁၁၅၃ |
| ၂၂ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | ဝင်းဇော်မြင့် | | ၀၉ ၇၈၆၁၃၄၁၉၅ |
| ၂၃ | | ခရိုင်ရဲတပ်ဖွဲ့မှူး၊ ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့ | ဒုရဲမှူးကြီး | မင်းဟန် | | ၀၉ ၅၁၉၃၄၁၉ |
| ၂၄ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရမည်းသင်းမြို့နယ်ရဲတပ်ဖွဲ့ | ရဲမှူး | မင်းနိုင် | | ၀၉ ၂၆၂၀၆၆၆၃၆ |
| ၂၅ | | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ပျော်ဘွယ်မြို့နယ်ရဲတပ်ဖွဲ့ | ယာယီရဲမှူး | ဇော်မိုးသက် | | ၀၉ ၄၀၀၀၆၆၁၉၉ |

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်၍ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားပြုလုပ်

**ပဲခူး ဧပြီ ၈**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ ဧပြီ ၈ ရက် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တန်ခူးလဆန်း ၁၁ ရက် နံနက်ပိုင်းက ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားပြုလုပ်သည်။

ဦးစွာ ပဲခူးမြို့ ဟံသာဝတီ ရှေးဟောင်းကျုံးရေပြင်၌ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနား ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ ဥပဒေချုပ်၊ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ငါးကြင်းရွှေဝါ၊ ငါးမြစ်ချင်း၊ ငါးခုံးမကြီး စုစုပေါင်း အကောင်ရေ ၁၅၀၀၀၀ အား ကျုံးရေပြင်အတွင်းသို့ ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့သည်။




**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မန္တလေးမြို့ရှိ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် ကန်တော်နဒီပြည်သူ့ဆေးရုံကြီး၌ ရောဝတီဖောင်ဒေးရှင်းက ယာယီဆေးရုံများ တည်ဆောက်ဖွင့်လှစ်

**မန္တလေး ဧပြီ ၈**

ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ရောဝတီဖောင်ဒေးရှင်းသည် မန္တလေးငလျင်ဒဏ်သင့်ခဲ့သည့် မန္တလေးမြို့ရှိ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် ကန်တော်နဒီပြည်သူ့ဆေးရုံကြီးတွင် ယာယီဆေးရုံများ တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနက ကုသရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ရောဝတီဖောင်ဒေးရှင်းသည် မန္တလေး၊ စစ်ကိုင်းဒေသများရှိ ဆေးရုံကြီးများတွင် ယာယီဆေးရုံများကို ကျန်းမာရေးဝန်ကြီးဌာနနှင့်လက်တွဲ၍ တည်ဆောက်ဖွင့်လှစ်ကုသပေးလျက်ရှိပြီး ငလျင်ဒဏ်သင့် မန္တလေးပြည်သူ့ဆေးရုံကြီးအတွက် HDU (၁၂) ခုတင်ပါ ခုတင် (၅၀) ဆံ့ ယာယီဆေးရုံကို ဧပြီ ၆ ရက်တွင်လည်းကောင်း၊ မန္တလေး ကန်တော်နဒီပြည်သူ့ဆေးရုံအတွက် HDU (၆) ခုတင်ပါ ခုတင် (၁၅၀) ဆံ့ ယာယီဆေးရုံကို ဧပြီ ၈ ရက်တွင်လည်းကောင်း အသီးသီးဖွင့်လှစ်၍ ကုသမှုများပြုလုပ်ပေးလျက်ရှိသည်။ အထက်ပါ ယာယီဆေးရုံများတွင် အဆောက်အအုံအပြင် လူနာခုတင်များ၊ HDU ခုတင်များ၊ လေအေးပေးစက်နှင့် ကုသမှုအထောက်အကူပြုပစ္စည်းများ၊ မီးသတ်ဆေးဘူးများနှင့် လိုအပ်သည့် အသုံးအဆောင်များပါဝင်ပြီး ဆရာဝန်၊သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် Duty Room၊ နားနေဆောင်၊ Mobile Toilet များလည်း တစ်ပါတည်းထည့်သွင်းတည်ဆောက်ထားသည်။



ထို့အတူ ရောဝတီဖောင်ဒေးရှင်းသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူအများအပြား ဆေးကုသမှုခံယူလျက်ရှိသည့် မန္တလေးနှင့် စစ်ကိုင်းတို့တွင် စုစုပေါင်း ခုတင် (၄၀၀) ပါဝင်မည့် ဆေးရုံများ တည်ဆောက်မည်ဖြစ်ပြီး မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ခုတင် (၅၀)၊ မန္တလေးကန်တော်နဒီပြည်သူ့ဆေးရုံတွင် ခုတင် (၁၅၀) တည်ဆောက်ထားပြီးဖြစ်သောကြောင့် ခုတင် (၁၀၀)စီ ပါဝင်မည့် ယာယီဆေးရုံတစ်ခုစီကို စစ်ကိုင်းနှင့် မန္တလေးမြို့တွင် အလျင်အမြန် ထပ်မံဖွင့်လှစ်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုညီလေး၊ ဓာတ်ပုံ-ကိုမိုး**

## အကျိုးအမြတ်မယူသောဈေးနှုန်းဖြင့် "ကူဖို့လှူဖို့ဝယ်ယူစို့" ပွဲကို နှစ်ရက်တာ ရောင်းချပေးနေ

**ရန်ကုန် ဧပြီ ၈**

ငလျင်ဒဏ်သင့်ဒေသများသို့ ကူရန်၊ လှူရန်ပစ္စည်းများကို လုပ်ငန်းရှင် ၁၀၀ ကျော်၊ ဆိုင်ခန်း ၁၀၀ ကျော်က အကျိုးအမြတ်မယူသော ဈေးနှုန်းဖြင့် "ကူဖို့လှူဖို့ဝယ်ယူစို့" ပွဲကို ဧပြီ ၈ ရက်နှင့် ၉ ရက်တွင် MYANMAR EXPO @ FORTUNE PLAZA တွင် ရောင်းချပေးနေကြောင်း မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (MDEA) မှ သိရသည်။

စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်၊ ဆေးဝါးနှင့် အခြားသော အထွေထွေပစ္စည်းများကို လုပ်ငန်းရှင်များက အကျိုးအမြတ်မယူသောဈေးနှုန်းဖြင့် ဧပြီ ၈ ရက်နှင့် ၉ ရက်တွင် နံနက် ၉ နာရီခွဲမှ ညနေ ၆နာရီခွဲအတွင်း MYANMAR EXPO @FORTUNE PLAZA တွင် ကူညီရန်၊ လှူဒါန်းရန် လာရောက်ဝယ်ယူနိုင်ပြီး ငလျင်ဒဏ်သင့်ဒေသများသို့ MDEA မှကြီးကြပ်၍ Ninja Van နှင့် Royal Express တို့မှ အခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

စေတနာရှင်များအနေဖြင့် မိမိနှစ်သက်ရာပစ္စည်းများကို စိတ်တိုင်းကျ အရေအတွက်အတိုင်းဝယ်ယူနိုင်ပြီး ဝယ်ယူထားသောပစ္စည်းများကို ဆိုင်များမှ ဧပြီ ၁၀ ရက် မွန်းတည့် ၁၂ နာရီမတိုင်မီ အပ်နှံရမည်ဖြစ်သောကြောင့် အချိန်မီအပ်နှံခြင်းမရှိသော ပစ္စည်းများကို မဝယ်ယူရန်နှင့် ဝယ်ယူသောပစ္စည်းများကို ငွေအပြီးပေးချေပြီး ဆိုင်မှဘောင်ချာရယူရမည်ဖြစ်ကြောင်း အသိပေးထားသည်။

ယင်းဘောင်ချာအား မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ပစ္စည်းလက်ခံရာဌာနသို့အပ်နှံ၍ MDEA ထံမှ ကူညီမှု၊ လှူဒါန်းမှုလက်ခံရရှိကြောင်း ဖြတ်ပိုင်းကိုထုတ်ယူရမည်ဖြစ်ပြီး စေတနာရှင်၏ဆန္ဒအရ အကူအညီနှင့်အလှူလက်ခံသူဖြစ်ပါက လက်ခံသူမည်သူဖြစ်ကြောင်းပေးရမည်ဖြစ်ကာ လက်ခံသူအနေဖြင့် လက်ခံဖြတ်ပိုင်းတွင်ပါသော စေတနာရှင်အမည်နှင့် ဖြတ်ပိုင်းကုတ်နံပါတ်ကိုပြောဆို၍ ထုတ်ယူရမည်ဖြစ်ကြောင်း အသိပေးထားသည်။

ပြသရောင်းချသောပစ္စည်းများသည် မသမာသောဈေးနှုန်း၊ သက်တမ်းလွန်အမျိုးအစားနှင့် မမှန်မကန်ပစ္စည်းဖြစ်သည်ဟုယူဆပါက MDEA ၏ အုပ်ချုပ်ရေးရုံးခန်းသို့ သတင်းပေးပို့နိုင်ကြောင်း အသိပေးကြေညာထားသည်။

**မေသက်**




## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဧပြီ ၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Changan EADO အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Innogen Myanmar Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC AION S XUAN 580 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် Aung Kan Bo Truck & Machinery Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် FORTHING S60 EV PRO အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၈ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

ရတနာသစ်တော၊ ပြည့်သွေးကြော။
သစ်တောရတနာ၊ ထိန်းသိမ်းပါ။

## ရမည်းသင်းမြို့ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရန်အောင်မြင်ဘုရားစေတီနှင့် တန်ဆောင်းလုပ်အားပေး ဖယ်ရှားရှင်းလင်း

**ရမည်းသင်း ဧပြီ ၈**

ရမည်းသင်းမြို့ ကျက်သရေဆောင် ရန်အောင်မြင် ဘုရားစေတီနှင့် ဂန္ဓကုဋိတိုက် တန်ဆောင်းအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးပြိုကျမှုတို့ကို ဧပြီ ၈ ရက် နံနက် ၈ နာရီမှ တစ်နေ့တာ ရှင်းလင်းဆောင်ရွက်ခြင်းလုပ်ငန်းကို ရမည်းသင်းမြို့နယ် အင်တိုင်းကျေးရွာမှ ကျောင်းထိုင်ဆရာတော် ဦးသုရိယနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းလွင်တို့ကဦးဆောင်၍ ကျေးရွာသူ ကျေးရွာသား လုပ်အားပေး ၃၇၅ ဦးတို့ ဒုတိယအကြိမ် ကုသိုလ်ယူရှင်းလင်းကြသည်။ ဧပြီ ၉ ရက်တွင် ရမည်းသင်းမြို့နယ် မြင်းနားကျေးရွာအုပ်စု သဲချောင်းကျေးရွာ မင်္ဂလာရာမ ကျောင်းထိုင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ ဦးဆောင်၍ လူအင်အား ၁၅၀ ဖြင့် ဒုတိယအကြိမ် ကုသိုလ်ယူလုပ်အားပေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်အောင်မြင်ဘုရား ဂေါပကထံမှ သိရသည်။

**၂၁၄**



# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၈**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေး အဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက် ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကေလာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ရှိ ငလျင်ဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် ကေလာကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်အားဖူးမြော်၍ အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ဘုန်းတော်ကြီးကျောင်း ပြန်လည်ပြုပြင်နေမှုများကို လိုက်လံကြည့်ရှုကြသည်။ ၎င်းနောက် သာလေးကျေးရွာအုပ်စု နန်းဟူးကျေးရွာရှိ ဖောင်တော်ဦးဘုရားသို့ သွားရောက်၍ ဘုရားရင်ပြင်တော်၌ စကျင်ကျောက်များ ခင်းကျင်းထားရှိမှု၊ စေတီတော်ပြန်လည်တည်ဆောက်မည့် အခြေအနေများအား ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် နန့်ပန်ကျေးရွာအုပ်စု နောင်ကန်ဘုန်းတော်ကြီး ကျောင်းဆရာတော်အား သွားရောက်ဖူးမြော်၍ အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါဘုန်းတော်ကြီးကျောင်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ဆက်လက်၍ နမ့်ပန်ကျေးရွာ ဟိုတယ်ဇုန်လှေဆိပ်၌လည်းကောင်း၊ ကေလာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ လည်းကောင်း၊ နန်းဟူးကျေးရွာ ဖောင်တော်ဦးဘုရား၌လည်းကောင်း စုစုပေါင်းငါးကောင်ရေ ၅၀၀၀၀ အား စုပေါင်းငါးများ လွှတ်ပေးခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ မဟာစေတီကြီး ဘုရားနှင့် အရန်စေတီတော်များ၊ သာသနိကအဆောက်အအုံများ၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အပျက်အစီးများ စုပေါင်းရှင်းလင်း ဖယ်ရှားနေမှုများအားကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စေတီတော်ကြီး၏ ဂေါပကအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ပြိုကျပျက်စီးခဲ့သည့် စေတီတော်ကြီးနှင့် အရန်စေတီတော်များ၊ သာသနိကအဆောက်အအုံများအား ပြန်လည် ဖယ်ရှားရှင်းလင်းရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိ ရတနာဆင်များ ရှင်စေတီ၊ သာသနိကအဆောက်အအုံများ၊ အရန်စေတီများအား ပြန်လည် ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း၊ ပါရမီရပ်ကွက်ရှိ ဂန္ဓာရုံဘုန်းတော်ကြီးကျောင်း၌ ငလျင်ဒဏ်သင့် ပြည်သူများအား ဆေးကုသပေးနေမှုများကို လည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံ စေတီများနှင့် သာသနိကအဆောက်အအုံများ၊ အရန်စေတီများ ပြိုကျပျက်စီးမှုများအားလည်းကောင်း၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအားလည်းကောင်း၊ မြို့ပေါ်ရှိ လူနေအိမ်များ ပြိုကျပျက်စီးမှုများအားလည်းကောင်း၊ ငလျင်ဒဏ်သင့်ပြည်သူများသောက်သုံးရေ အဆင်ပြေစေရန်အတွက် တပ်မတော်ရေသန့်စက်ရုံဖြင့် သောက်သုံးရေဖြန့်ဝေပေးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ရှိ မန္တလေးတောင်ခြေရှိ ဇိနောဒယသီလရှင်စာသင်တိုက်၊ ခင်မကန်ကျောင်းတိုက်၊ ချမ်းမြသာစည်ပရိယတ္တိစာသင်တိုက်၊ ချမ်းအေးသာစံမြို့နယ် ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းများသို့ သောက်သုံးရေ၊ ဆေးဝါးများနှင့် စားသောက်ဖွယ်ရာများအား သွားရောက်လှူဒါန်းကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် မန္တလေးမြို့ရှိ အင်ကြင်းကွန်ဒို၊ ဂရိတ်ဝေါ(လ်)ဟိုတယ်တို့တွင် နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုများအား လည်းကောင်း၊ ချမ်းမြသာစည် လေယာကွင်းအဟောင်းနှင့် မန္တလာသီရိ အားကစားကွင်းတို့၌ ပြည်ပနိုင်ငံများမှဆေးအကူအညီပေးရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဆေးကုသပေးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် မန္တလေးမြို့ သမိုင်းဝင်အရိပ်မထွက် ဘုရားကြီး၊ မဟာမုနိဘုရားကြီး၊ အမရပူရမြို့နယ်ရှိ မဟာစန္ဒာမုနိဘုရားကြီးနှင့် စတုဘုမ္မိကကျွန်းကျောင်းမဂ္ဂင်ရိပ်သာနှင့် မိုးကုတ်ဆရာတော်ကြီး သီတင်းသုံး နေထိုင်တော်မူသော မင်္ဂလာတိုက်ကျောင်းတို့အား သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားမှုများအားလည်းကောင်း၊ ကျောက်သေတ္တာစေတီ ရွှေ့လျားသွားမှု အခြေအနေများအား နေ့ညမပြတ် CCTV ဖြင့်စောင့်ကြည့်နေမှု အခြေအနေများအားလည်းကောင်း၊ စဥ့်ကိုင်မြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် နေရာများအား လည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ စေတနာရှင်အလှူရှင်များက လှူဒါန်းသော လှူဖွယ်ပစ္စည်းများအား လက်ခံခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ယင်းနောက် ကျောက်ဆည်မြို့ ဆင်မင်းဘိလပ်မြေစက်ရုံ၌ လုပ်ငန်းများ အမြန်ဆုံး လည်ပတ်နိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ဆက်လက်၍ ဆင်မင်းဘိလပ်မြေစက်ရုံ၊ ကြံ့နှစ်ကောင်ဘိလပ်မြေစက်ရုံနှင့် အယ်ဖာဘိလပ်မြေစက်ရုံများသို့ သွားရောက်၍ အပျက်အစီးများ အမြန်ဆုံး ဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် လျှပ်စစ်မီးများအမြန်ဆုံး ရရှိအောင် ဆောင်ရွက်ရေး လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော် လည်ပတ်နိုင်ရေးတို့အားမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စစ်မှုထမ်းဟောင်းအိမ်ရာများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌လည်းကောင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများအား စားသောက်ရေးအဆင်ပြေစေရေးအတွက် စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ၊ သောက်သုံးရေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများတွင် သွားလာမှုလွယ်ကူချောမွေ့စေရေး စီစဉ်ဆောင်ရွက်ထားရှိ

**နေပြည်တော် မေ ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများသွားလာရေး အဆင်ပြေချောမွေ့စေရေးအတွက် လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတို့မှ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကို နေ့စဉ်သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

ဧရာဝတီမြစ်ကူး ကူးတို့ ခရီးလမ်းအနေဖြင့် မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းတို့အကြား ပုဂ္ဂလိကပိုင်ရေယာဉ်၊ တွဲရေယာဉ်များဖြင့် ကုန်တင်မော်တော်ယာဉ်ကြီးများအား မတ် ၃၁ ရက်မှစတင်၍ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့ မေ ၈ ရက်အထိ ကုန်တင်ယာဉ် ၁၃၂၃ စီး၊ လူစီးမော်တော်ယာဉ်ငယ် ၇၂၃ စီးတို့ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။ ယနေ့ သယ်ယူပို့ဆောင်ပေးသည့် ကုန်တင်ယာဉ်များအနက် ကယ်ဆယ်ရေးပစ္စည်းတင် ကုန်တင်ယာဉ်ငါးစီးကို အခမဲ့သယ်ဆောင်ပေးခဲ့သည်။




နိုင်ငံတကာမှ လေယာဉ်များဖြင့် လာရောက်ပို့ဆောင်သည့် ကယ်ဆယ်ရေးပစ္စည်းများ၊ ရိက္ခာနှင့်ဆေးဝါးများ၊ ကယ်ဆယ်ရေးအဖွဲ့များကို ရန်ကုန်အပြည်ပြည်ဆိုင်လေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်များသို့ မတ် ၂၉ ရက်မှစတင်၍ နေ့စဉ်ဆင်းသက်လျက်ရှိရာ ယနေ့အထိ စုစုပေါင်း လေယာဉ် ၉၇ စင်း ဆင်းသက်ခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၆၀၆ ဒသမ ၂၈၂ တန် ရောက်ရှိပြီးဖြစ်ပါသည်။ အဆိုပါပြည်ပမှ လာရောက်သည့် ကယ်ဆယ်ရေး လေယာဉ်များအတွက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားအင်အားဖြင့် သက်ဆိုင်ရာလေဆိပ်အလိုက် အခမဲ့ ဝန်ဆောင်မှုပေးလျက်ရှိသည်။

မြေငလျင်လှုပ်ရှားမှု ဖြစ်ပွားပြီးနောက် ပြည်တွင်းလေယာဉ်ခရီးစဉ်များ ယာယီရပ်ဆိုင်းခဲ့သည့် မန္တလေးလေဆိပ်နှင့် နေပြည်တော်လေဆိပ်များသို့ ပြည်တွင်းခရီးစဉ်များအား မေ ၄ ရက်မှစ၍ ပြန်လည်ပြေးဆွဲလျက်ရှိရာ မြန်မာအမျိုးသားလေကြောင်း၊ မန်းရတနာပုံလေကြောင်း၊ မင်္ဂလာလေကြောင်း၊ အဲယားသံလွင်လေကြောင်းလိုင်းတို့မှ မေ ၈ ရက်အထိ လေယာဉ်ခရီးစဉ် စုစုပေါင်း ၆၇ ခေါက် ပြေးဆွဲပေးနိုင်ခဲ့သည့်အတွက် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**


# ၂၀၂၅ ခုနှစ်၊ မတ်လအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ၊ Asia Center for Air Pollution Research (ACAP)နှင့် Clean Air Asiaတို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် PM2.5 Monitor စက်တပ်ဆင်၍ လေအရည်အသွေး (PM2.5) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆–၃–၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် PM2.5 တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် မတ်လ ၁၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်နေ့နှင့် ၂၂ ရက်နေ့တို့သည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)၊ ၂ ရက်နေ့နှင့် ၁၃ ရက်နေ့တို့သည် AQI Range 151–200 အတွင်းတွင်ရှိသောကြောင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့် (Unhealthy) နှင့် ကျန်ရက်များသည် AQI Range 101–150 အတွင်းတွင်ရှိသောကြောင့် ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသော အဆင့်(Unhealthy for Sensitive Group) ဖြစ်ကြောင်း တွေ့ရှိရသည်။

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး) ရုံး၏ လေအရည်အသွေးမှာ မတ်လအတွင်းတွင် အသင့်အတင့်အဆင့်၌ ၁၂ ရက်၊ ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသော အဆင့်၌ ၁၇ ရက်နှင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၂ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**



ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ

**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

## သထုံမြို့နယ် ပေါ်တော်မူကျေးရွာ စာကြည့်တိုက်ရှင်သန်ခိုင်မာရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

**သထုံ ဧပြီ ၈**

မွန်ပြည်နယ် သထုံမြို့နယ် ပေါ်တော်မူကျေးရွာရှိ လူငယ်အလင်းရောင် စာကြည့်တိုက်ရေရှည်ရှင်သန်ခိုင်မာရေးနှင့် ကျေးလက်နေပြည်သူများ စာဖတ်ရှိန်မြင့်မားရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲတို့ကို ယနေ့နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက စာကြည့်တိုက် ရေရှည်တည်တံ့ရေး၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် စာကြည့်တိုက်၌ စာဖတ်သူတိုးပွားရေး ဆောင်ရွက်သင့်သည့်အချက်များကို ဆွေးနွေးသည်။ ဆက်လက်၍ လူငယ်အလင်းရောင် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအာကာက စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆောင်ရွက်နေမှုများ၊ အခက်အခဲများနှင့် လူငယ်များစာကြည့်တိုက် အသုံးပြုမှုမြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရေး ဆွေးနွေးပြောကြားပြီး ရပ်မိရပ်ဖများက ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**



ထို့နောက် သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များ၊ ဓာတ်ပုံများ ခင်းကျင်းပြသထားရာ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## တနိုင်းမြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ(ဒသမ)အကြိမ်မြောက် ထုတ်ချေး



**တနိုင်း ဧပြီ ၈**

ကချင်ပြည်နယ် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ (ဒသမ)အကြိမ်မြောက် ထုတ်ချေးပေးခြင်းအခမ်းအနားကို ဧပြီ ၇ ရက်က အောင်စိုးမိုးကျေးရွာ၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးဇော်မျိုးက စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အောင်စိုးမိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသားအသင်းသူ ၄၄ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၈၂ သိန်းကို အတိုးနှုန်း သက်သာစွာဖြင့် (ဒသမ)အကြိမ်မြောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## သန်လျင်မြို့နယ်၌ နွေရာသီ မြန်မာ့သိုင်းအခြေခံသင်တန်းဆင်း

**ရန်ကုန် ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာ အမှတ်(၁) အခြေခံ ပညာမူလတန်းလွန်ကျောင်း (ယခင်) လက်စွမ်းပြကျောင်းတွင် တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီမြန်မာ့သိုင်းအခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးကျော်မင်းထွန်းက အမှာစကားပြောကြားပြီး သင်တန်းပြဆရာ ဦးမြင့်အောင်က မြန်မာ့သိုင်းပညာသင်ကြားပေးခဲ့မှုတို့ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီအောင်က နွေရာသီကျောင်းပိတ်ရက်များတွင် သင်တန်းများဖွင့်လှစ်ပေးခြင်းနှင့် အဘက်ဘက်မှ ပါဝင်ကူညီပေးကြသူများအား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား မြန်မာ့သိုင်းပညာ သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြသည်။ ယင်းနောက် ခရိုင်အား/ကာဦးစီးဌာနဦးစီးမှူးက သင်တန်းနည်းပြဆရာကို ဂုဏ်ပြုလက်ဆောင် ချီးမြှင့်ပေးအပ်ခဲ့ပြီး သင်တန်းဆင်းကျောင်းသားကျောင်းသူများက မြန်မာ့သိုင်းပညာ လက်တွေ့စွမ်းရည်များ ပြသခဲ့ကြသည်။

**သက်ခိုင်(သန်လျင်)**



**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပ-ကျော့

ဘာစီလိုနာ - ဒေါ့မွန်

ပီအက်စ်ဂျီ - အက်စ်တွန်ဗီလာ

၁၀-၄-၂၀၂၅

ဧပြီ ၁၀ ရက် နံနက်ပိုင်းမှာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပထမအကျော့မှာ ဘယ်အသင်းက ရလဒ်ကောင်းရရှိသွားမလဲ လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# ခံစစ်အားနည်းတဲ့ ဗီလာကို တိုက်စစ်သာလွန်တဲ့ ပီအက်စ်ဂျီအသင်း အနိုင်ယူသွားဖွယ်ရှိတယ်

## ဘာစီလိုနာ Vs ဒေါ့မွန် နံနက် ၁း၃၀



လီဝမ်ဒေါ့စကီး (၃၆ နှစ်)


ဘာစီလိုနာ (တိုက်စစ်)

၂၉ ပွဲကစား၊ ၂၅ ဂိုးသွင်း

ဒေါ့မွန်ရဲ့ ခြေစွမ်းမဆိုးဘူးဆိုပေမယ့် လာလီဂါဦးဆောင်သူ ဘာစီလိုနာအသင်းကို အသာရဖို့မလွယ်ဘူး။ ဘာစီလိုနာအသင်းက အဓိကတိုက်စစ်ကစားသမား လီဝမ်ဒေါ့စကီး ခြေစွမ်းပြမှုနဲ့အတူ ၂၀၂၄ ဒီဇင်ဘာလနောက်ပိုင်း ရှုံးပွဲကြုံတွေ့ထားခြင်း မရှိပါဘူး။ ဒေါ့မွန်အသင်းရဲ့ ဒီရာသီအဝေးကွင်းစွမ်းဆောင်ရည်ကိုကြည့်ရင် အတော်လေးဆိုးရွားတာကို တွေ့ရတယ်။ ဒေါ့မွန်အသင်းအနေနဲ့ ရရှိလာမယ့် အခွင့်အရေးကို အမိအရအသုံးချကာ သွင်းဂိုးအဖြစ်ပြောင်းလဲနိုင်ရင်တောင် အရည်အသွေးမြင့် ထိပ်တန်းကစားသမားအများအပြားရှိတဲ့ ဘာစီလိုနာကို အနိုင်ယူဖို့ မလွယ်ဘူး။ မည်သို့ပင်ဆိုစေ ဘာစီလိုနာ နိုင်ပွဲရမယ်။

| ဘာစီလိုနာရဲ့နောက်ဆုံးသုံးပွဲရလဒ် |
|---|
| ဘာစီလိုနာ ၄ - ၁ ဂျီရိုနာ |
| အေတီမက် ၀ - ၁ ဘာစီလိုနာ |
| ဘာစီလိုနာ ၁ - ၁ ဘက်တစ် |

| ဒေါ့မွန်ရဲ့နောက်ဆုံးသုံးပွဲရလဒ် |
|---|
| လိုက်ပ်ဇစ် ၂ - ၀ ဒေါ့မွန် |
| ဒေါ့မွန် ၃ - ၁ မိန့်ဇ် |
| ဖရိုင်းဘတ် ၁ - ၄ ဒေါ့မွန် |



ဆာဟို (၂၉ နှစ်)

ဒေါ့မွန် (တိုက်စစ်)

၂၄ ပွဲကစား၊ ၁၅ ဂိုးသွင်း

## ပီအက်စ်ဂျီ Vs ဗီလာ နံနက် ၁း၃၀



ဒမ်ဘီလီ (၂၇ နှစ်)

ပီအက်စ်ဂျီ (တိုက်စစ်)

၂၆ ပွဲကစား၊ ၂၁ ဂိုးသွင်း

ဗီလာက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပြိုင်ပွဲစုံ ရှစ်ပွဲမှာ ရှစ်ပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တာကြောင့် ခြေစွမ်းထက်မြက်လာတယ်ဆိုပေမယ့် ခံစစ်ပိုင်းက သိသိသာသာ အားနည်းနေသေးတယ်။ တိုက်စစ်ပိုင်းသာလွန်တဲ့ ပီအက်စ်ဂျီအသင်းကို ရင်ဆိုင်ဖို့ အတော်လေး ပြင်ဆင်ရဖွယ်ရှိတယ်။ ပီအက်စ်ဂျီအိမ်ကွင်းမှာ ရလဒ်ကောင်းရဖို့ဆိုရင် အခွင့်အရေးကို အမိအရအသုံးချနိုင်ဖို့ လိုအပ်တယ်။ အသင်းမှာ အားထားရတဲ့ အေဆန်စီယို၊ ရက်ဖို့ဒ်၊ ဝတ်ကင်စ်တို့ရှိသော်ငြား ပုံမှန်ခြေစွမ်းမပြသနိုင်ခဲ့ရင် ရလဒ်ဆိုးနဲ့ကြုံတွေ့ကာ ပေးဆပ်မှုကြီးမားသွားနိုင်တယ်။

| ပီအက်စ်ဂျီရဲ့ နောက်ဆုံးသုံးပွဲရလဒ် |
|---|
| စိန့်တက်တီ ၁ - ၆ ပီအက်စ်ဂျီ |
| ဒွန်ကာဆေး ၂ - ၄ ပီအက်စ်ဂျီ |
| ပီအက်စ်ဂျီ ၁ - ၀ အိန်းဂျား |

| ဗီလာရဲ့ နောက်ဆုံးသုံးပွဲရလဒ် |
|---|
| ပရက်စတန် ၀ - ၃ ဗီလာ |
| ဘရိုက်တန် ၀ - ၃ ဗီလာ |
| ဗီလာ ၂ - ၁ နော့တင်ဟမ် |



ဝတ်ကင်စ် (၂၉ နှစ်)

ဗီလာ (တိုက်စစ်)

၃၁ ပွဲကစား၊ ၁၃ ဂိုးသွင်း



■ ယမန်နှစ်က ပရီမီယာလိဂ်ပွဲစဉ်အတွင်း ခန္ဓာကိုယ်တပ် ကင်မရာငယ်ကို ဝတ်ဆင်ထားသည့် ဒိုင်လူကြီး ဂျာရတ် ဂီလက်။

# ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒိုင်လူကြီးများ ခန္ဓာကိုယ်တပ် ကင်မရာငယ်များ ဝတ်ဆင်မည်

ဒိုင်လူကြီးများသည် ယခုနှစ် နွေရာသီတွင် ကျင်းပမည့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခန္ဓာကိုယ်ပေါ်တွင် တပ်ဆင်နိုင်သော ကင်မရာငယ်များကို ဝတ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အမေရိကန်နိုင်ငံတွင် ကျင်းပမည့် အသင်း ၃၂ သင်းပါ ပြိုင်ပွဲများ၏ ပွဲစဉ်များတွင် ရုပ်သံထုတ်လွှင့်သူများအနေဖြင့် ပြိုင်ပွဲကျင်းပနေစဉ်အတွင်း မှတ်တမ်းတင်ရိုက်ကူးထားသော ဗီဒီယိုမြင်ကွင်းများကို ရရှိနိုင်မည်ဖြစ်သည်။

ဂျာရတ်ဂီလက်သည် ၂၀၂၄ ခုနှစ် မေလတွင် ခရစ္စတယ်ပဲလေ့စ်က မန်ယူကို လေးဂိုးပြတ်အနိုင်ရရှိခဲ့သော ပရီမီယာလိဂ်ပွဲစဉ်၌ ခန္ဓာကိုယ်တပ် ကင်မရာငယ်ကို စတင်အသုံးပြုသည့် ပထမဆုံး ဒိုင်လူကြီးအဖြစ် မှတ်တမ်းတင်ထားသည်။ အဆိုပါ ကင်မရာငယ်များကို မကြာသေးမီရာသီများအတွင်း မေဂျာလိဂ်ပြိုင်ပွဲ၌ အသုံးပြုခဲ့ကြောင်း သိရသည်။

ချယ်ဆီးနှင့် မန်စီးတီးအသင်းတို့သည် လာမည့် ဇွန် ၁၅ ရက်မှ ဇူလိုင် ၁၃ ရက်အထိ ကျင်းပမည့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပါဝင်ကစားယှဉ်ပြိုင်ကစားခွင့်ရရှိသည့် ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်သည်။

# ခြေစွမ်းသာသော်လည်း နာမည်ကြီး နာပိုလီကို သရေကျခဲ့သည့် ဘိုလော့ဂ်နာ

အီတလီစီးရီးပွဲစဉ် (၃၁) မှ ဧပြီ ၈ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ဘိုလော့ဂ်နာနှင့် နာပိုလီအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

ယခုပွဲစဉ်တွင် နာပိုလီအသင်းသည် ပုံမှန်ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ ပြိုင်ဘက် ဘိုလော့ဂ်နာအသင်း၏ ဖိအားပေးထိုးဖောက်တိုက်စစ်ဆင်မှုများကို ဟန့်တားကာကွယ်ခဲ့ရသည်။

ပွဲကစားချိန် ၁၈ မိနစ်တွင် ကွင်းလယ်ကစားသမား အန်ဂစ်ဆာက နာပိုလီအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် နာပိုလီအသင်းကလည်း ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ၆၄ မိနစ်တွင် ရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို အင်ဒိုရီက သွင်းယူပေးခဲ့သည်။

တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက် နှစ်သင်းစလုံး လူစားလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲကစားချိန်ပြည့်သည်အထိ ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် သရေကျခဲ့ခြင်း ဖြစ်သည်။



■ ဘိုလော့ဂ်နာကစားသမား အင်ဒိုရီနှင့် အသင်းဖော်များကို နာပိုလီအသင်းဘက်သို့ ဂိုးသွင်းယူပြီးနောက် အောင်ပွဲခံနေစဉ်။

## နောက်ဆုံးရအားကစားသတင်းတိုများ



■ မန်ယူအသင်းသည် ဝုဖ်အသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား မက်သီးယပ်စ်ကွန်ဟာ (၂၅ နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။

■ စပါးအသင်းသည် ယခုနွေရာသီတွင် အငှားစာချုပ်သက်တမ်းကုန်ဆုံးပါက လိုက်ပ်ဇစ်နှင့် ဂျာမနီတိုက်စစ်ကစားသမား တီမိုဝါနာ (၂၉ နှစ်) ကို အမြဲတမ်း ခေါ်ယူစာချုပ်သွားမည် မဟုတ်ကြောင်း သိရသည်။

■ အင်တာမိုင်ယာမီအသင်းသည် မန်စီးတီးအသင်းမှ ဘယ်လ်ဂျီယံ ကွင်းလယ်ကစားသမား ဒီဘရိုင်း (၃၃ နှစ်) ကို ကမ်းလှမ်းရန် စီစဉ်နေသည်။ သို့သော်လည်း မိုင်ယာမီအသင်းသည် အဆိုပါ ကစားသမားကို လက်ဦးမှုရယူနိုင်ရန် ဆော်ဒီအာရေဗျ ကလပ်များနှင့် အပြိုင်ကမ်းလှမ်းသွားရဖွယ်ရှိသည်။

■ အဲဗာတန်နှင့် ဘရိုက်တန်အသင်းတို့သည် အစ်ဆွစ်အသင်းမှ အင်္ဂလန် ယူ - ၂၁ တိုက်စစ်ကစားသမား ဒီလက် (၂၂ နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။

■ လက်စတာအသင်းသည် ကိုးပွဲဆက်ရှုံးနိမ့်ပြီးနောက် အသင်းနည်းပြ ရုဗ်ဗန်နစ္စတယ်ရွိုင်းအား ထုတ်ပယ်သွားဖွယ်ရှိကြောင်း သိရသည်။

■ မိုးဇက် - စုစည်းသည်

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁/၂၀၂၅-၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-001(25-26)CAP | Spare Parts for XJ-350 Rig (1) Lot | Ks |
| (၂) | DMP/L-002(25-26)CAP | Single Purpose Swivel (2) Sets | Ks |
| (၃) | DMP/L-003(25-26)CAP | Travelling Block with Hook (1) Set | Ks |
| (၄) | DMP/L-004(25-25)CAP | Mud Testing Equipment (1) Lot | Ks |
| (၅) | DMP/L-005(25-26)CAP | Mud Logging Unit (1) Lot | Ks |
| (၆) | DMP/L-006(25-26)CAP | 428 XL Link Cable and Accessories (1) Lot | Ks |
| (၇) | DMP/L-007(25-26)CAP | Spares for F-1600 Mud Pump (1) Lot | Ks |
| (၈) | DMP/L-008(25-26)CAP | Spares for 3 NB 1300 C Mud Pump (1) Lot | Ks |
| (၉) | DMP/L-009(25-26)CAP | Spare Parts for BJ Cementing Unit (1) Lot | Ks |
| (၁၀) | DMP/L-010(25-26)CAP | Assorted Kinds of Shaker Screen and Cyclone for Shaker Unit (1) Lot | Ks |
| (၁၁) | DMP/L-011(25-26)CAP | 10" ERW Steel Line Pipe (40,250) Meters | Ks |
| (၁၂) | DMP/L-012(25-26)CAP | Pipe Fitting for 10" Pipe Line (2) Items | Ks |
| (၁၃) | DMP/L-013(25-26)CAP | Heat Shrinkable Sleeve and Closure Patches for 10" LinePipe (2) Items | Ks |
| (၁၄) | DMP/L-014(25-26)CAP | Spares for Drive Group (5) Groups | Ks |
| (၁၅) | DMP/L-015(25-26) CAP | Spares for Caterpillar 3406 C Generating Set (1) Lot | Ks |
| (၁၆) | DMP/L-016(25-26)CAP | Spares for Caterpillar C 13 Engine (1) Lot | Ks |
| (၁၇) | DMP/L-017(25-26)CAP | 12 KV, 630 A VCB Switch Gear Panel Complete Set with Control & Power Bank (1) Set | Ks |
| (၁၈) | DMP/L-018(25-26)CAP | 3.3 KV, 1250 Amp Indoor VCB Panel Cmplete Set (1) Set | Ks |
| (၁၉) | DMP/L-019(25-26) CAP | 2900 Series Well Head and Christmas Tree Equipment (2) Sets | Ks |
| (၂၀) | DMP/L-020(25-26)CAP | 1000 KW Gas Engine Driven Generating Set (1) Set | Ks |
| (၂၁) | DMP/L-021(25-26)CAP | Spares for MTU Gas Engine Generating Set (1) Lot | Ks |
| (၂၂) | DMP/L-022(25-26)CAP | Spares for Caterpillar G 3516C Gas Engine Generating Set(1) Lot | Ks |
| (၂၃) | DMP/L-023(25-26)CAP | GM 6V 53 and GM 6V 71 Engine Assembly (2) Items | Ks |
| (၂၄) | DMP/L-024(25-26)CAP | Assorted Thickness of M.S Plate and Angle Iron (3) Groups | Ks |
| (၂၅) | DMP/L-025(25-26)CAP | Electronic Flow Measurement System Revamping, Services And Spare Parts for Ywama Gas Distribution Station (1) Lot | Ks |
| (၂၆) | DMP/L026(25-26)CAP | Electronic Flow Measurement System Revamping, Services And Spare Parts for 24" Pipe Line Center (Daw Nyein)(1) Lot | Ks |
| (၂၇) | DMP/L-027(25-26)CAP | CNG Compressor Driven Electronic Motor Complete Set(1) Set | Ks |
| (၂၈) | DMP/L-028(25-26)CAP | 400-510 KW Gas Engine Generator Complete Set (1) Set | Ks |
| (၂၉) | DMP/L-029(25-26)CAP | Laboratory Equipment (1) Lot | Ks |
| (၃၀) | DMP/L-030(25-26) CAP | Spare Parts for SAFE Compressor (MP) (1) Lot | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၉-၄-၂၀၂၅** ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၉-၅-၂၀၂၅ ရက်၊ (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသီးသီးတွင် ဆောင်ရွက်မည့် လမ်း၊ တံတား သာသနာရေးဆိုင်ရာလုပ်ငန်း ရေရရှိရေးနှင့် အဆောက်အအုံလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရန်အလို့ငှာ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၉-၄-၂၀၂၅ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာများကို ၃၀-၄-၂၀၂၅ ရက်၊ ညနေ ၁၆:၃၀နာရီနောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ်-၄၂၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၆၇-၄၀၉၁၈၆၊ ၀၆၇-၄၀၉၄၀၀ နေပြည်တော်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန Website (www.moba.gov.mm)တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန် ကြေညာပေးသွားမည် ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ရုံးအမှတ်(၄၂)၊ နေပြည်တော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## လျှောက်လွှာနောက်ဆုံးပေးပို့ရမည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း
## ကြော်ငြာစာအမှတ် ၂/ ၂၀၂၅
## ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်
## ၂၀၂၅ ခုနှစ်၊ ဧပြီလ ၇ ရက်

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယလက်ထောက်ဦးစီးမှူးရာထူး(၈၀)နေရာအတွက် ၁၇-၃-၂၀၂၅ ရက်တွင် မြန်မာ့အလင်းသတင်းစာနှင့် ၁၈-၃-၂၀၂၅ ရက်တွင် ကြေးမုံသတင်းစာတို့၌ သတ်မှတ်အရည်အချင်း ကိုက်ညီသူများအား ၈-၄-၂၀၂၅ ရက် နောက်ဆုံးထား၍ လျှောက်လွှာများပေးပို့လျှောက်ထားရန် သတ်မှတ်ခဲ့ခြင်းအစား လျှောက်လွှာပိတ်ရက်အား ၃၀-၄-၂၀၂၅ ရက်သို့ ပြင်ဆင်သတ်မှတ်လိုက်သည်။

၂။ လျှောက်ထားသူများသည် မိမိတို့လျှောက်ထားသည့် စာစစ်ဌာနများ၌ ဖြေဆိုခွင့်ကတ်ပြားများကို ၉-၅-၂၀၂၅ ရက်တွင် ထုတ်ယူရန်ဖြစ်ပြီး ရေးဖြေစာမေးပွဲအား ၁၀-၅-၂၀၂၅ ရက်၊ နံနက်(၉:၃၀)နာရီတွင် ဖြေဆိုရမည်ဖြစ်သည်။

၃။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ ဖုန်း-၀၉-၂၅၄၅၅၄၆၉၁၊ ၀၉-၂၅၁၁၇၇၀၁၁၊ ၀၉-၂၅၅၈၀၄၇၀၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းအတွက်(လုပ်ငန်းတစ်ရပ်လုံး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၁)၊ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကရင်ပြည်နယ်အတွင်း ဆောင်ရွက်မည့်ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများနှင့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများအတွက် တည်ဆောက်ရေးလုပ်ငန်းတစ်ရပ်လုံး ဆောင်ရွက်လိုသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** - (၉-၄-၂၀၂၅)ရက်(ရုံးချိန်အတွင်း)

၃။ **တင်ဒါလျှောက်လွှာနောက်ဆုံးထား တင်သွင်းရမည့်ရက်/အချိန်** - (၂၄-၄-၂၀၂၅)ရက်၊ (၁၆:၀၀)နာရီ

၄။ **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** - (၂၅-၄-၂၀၂၅)ရက်၊ (၁၁:၀၀)နာရီ

၅။ **တင်ဒါလျှောက်လွှာ ရောင်းချခြင်း၊ တင်ဒါ ပေးသွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၁)၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၁၁)၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့၊ ရုံးဖုန်း ၀၅၈-၂၂၅၀၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နော်အေးထူး ၁၁/သတန(နိုင်)၀၇၃၀၈၉၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၅၉၅၈၇၉၉

### အရေးကြီးစာရွက်စာတမ်းများပျောက်ဆုံးကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ (၁၁၅)လမ်း၊ အမှတ်(၅)နေ ဦးစန်းမြင့်အောင်(ခ)ဦးမူနီယမ်ဒီ ၁၂/မဂတ(ပြု)၀၀၀၂၂၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးစန်းမြင့်အောင်သည် အရေးကြီး စာရွက်စာတမ်းများဖြစ်သော ဦးဝင်းမင်းအောင် ၁၂/မဂတ(ပြု)၀၀၁၆၇၁၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာအုပ်မူရင်းနှင့် ၎င်းအမည်ဖြင့်ရှိသော KBZဘဏ် စာအုပ်အမှတ်-(12051112000696101)ဘဏ်စာအုပ်(၁)အုပ်မူရင်း၊ ဦးသန်းဇော်အောင် အမည်ဖြင့်ရှိသော ၁၂/မဂတ(ပြု)၀၀၁၆၇၀ကတ်ပြားနှင့်စာအုပ်မူရင်းတို့ကို ပလပ်စတစ်ဖိုင်ဖြင့်ထည့်သွင်း၍ ခရီးသွားစဉ်ပျောက်ဆုံးသွားခဲ့ပါသည်။ အဆိုပါ စာရွက်စာတမ်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် စာအုပ်မူရင်းတို့ကို တွေ့ရှိသူများအနေဖြင့် ကျွန်ုပ်ထံသို့ဆက်သွယ်၍ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ တယ်လီဖုန်းနံပါတ်-၀၉-၈၇၄၈၁၁၆၁၂ သို့ဖြစ်စေ ဆက်သွယ်၍ ပြန်လည်ပေးအပ်ပါက ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။ တွေ့ရှိသူအနေဖြင့် ပိုင်ရှင်အား ပြန်လည်ပေးအပ်ခြင်းမရှိဘဲ အလွဲသုံးစားပြုလုပ်မှုများ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှမြင့်(LL.B,D.B.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်- ၇၂၂၂)**
**ရုံးအမှတ်- (၁၆၁/A3)၊ မြေညီထပ်၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၅၀၆၅**

### မွေးသက္ကရာဇ်အမှန်

တောင်သာမြို့နယ်၊ အေးရွာကျေးရွာနေ(ဘ) ဦးကျော်ဆန်း၏သား ဦးဇော်မိုးအောင် ၉/တသန(နိုင်)၀၉၁၄၃၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၂-၁၉၇၃ ဖြစ်ပါကြောင်း။

၁၂-၂-၁၉၇၃

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/8989 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

### (သွာနုတ္တသားသမီးအဖြစ်) အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ ရွှေကူရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၃၁)နေ ကွယ်လွန်သူ (ဦးလှိုင်ဦး) ၁၄/ဟသတ(နိုင်)၀၂၃၈၂၉နှင့် ကျွန်မ ဒေါ်ခင်မေဝင်း ၁၄/ဟသတ(နိုင်)၀၂၈၃၉၃ တို့မှ မွေးဖွားသော သားသမီး(၃)ဦးအနက် သားကြီးဖြစ်သူ မောင်ဝေဇင်ဦး ၁၄/ဟသတ(နိုင်)၂၂၂၆၃နှင့် ဒုတိယမြောက်သားဖြစ်သူ မောင်မင်းထက်လှိုင် ၁၄/ဟသတ(နိုင်)၂၆၈၃၇၁ တို့သည် မိဘများ၏ပြောဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲ၊ သားသမီးတို့၏ပြုအပ်သည့် တာဝန်ဝတ္တရားများကိုပျက်ကွက်သည့်အပြင် မိဘများအပေါ် ကိုယ်ထိလက်ရောက်ပြုမူခြင်း၊ မိဘများပိုင်လုပ်ငန်းမှ ငွေကြေးများအား ခိုးယူသုံးစွဲခြင်း၊ ပစ္စည်းများအားမိဘများ မသိအောင်ရောင်းချခြင်းများကြောင့် ၇-၄-၂၀၂၅ ရက်မှစ၍ (သွာနုတ္တသားသမီး)အဖြစ်ကြေညာ၍ သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းတို့နှင့်ပတ်သက်သည့် ကိစ္စအဝဝသည် မိဘများနှင့် လုံးဝမသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်မေဝင်း**
**၁၄/ဟသတ(နိုင်)၀၂၈၃၉၃**

### အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နေ (ဘ)ဦးဘစိုး၏သား ဦးစောလှအောင်၊ မုံရွာခရိုင်၊ မုံရွာမြို့၊ မြို့တော်ဝန်ရပ်ကွက်နေ(ဘ) ဦးဘစိုး၏ သမီး ဒေါ်ဗျိုင်းတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

(၄-၄-၂၀၂၃)ရက်ထုတ် မြန်မာ့အလင်းသတင်း စာတွင်ပါရှိသော မုံရွာမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ သုတရာမလမ်း ဧရိယာ (၀ ဒသမ ၀၅၃)ကေအကျယ်အဝန်းရှိ အကွက်အမှတ်(၁၅ အောင်မင်္ဂလာ)၊ ဦးပိုင်အမှတ် ၁၇၈၊ ဒေါ်စောမြအေး ဂရန်အမည်ပေါက် ဝင်းမြေအား ဒေါ်စောမြအေးမှ ကျန်မိသားစုဝင်မွေးချင်းများ တစ်စုံတစ်ရာခွင့်ပြုချက်မရှိဘဲ အမွေဆိုင်ဝင်းမြေအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းထားခြင်းစသည်တို့ မပြုလုပ်ရန် (၄-၄-၂၀၂၃) ရက်တွင် အများသိစေရန် ကြေညာခဲ့ပါသည်။

ယခုအခါ ကျန်မိသားစုဝင်များနှင့် ညှိနှိုင်းဆွေးနွေးခြင်း ပြေလည်ပြီးဖြစ်၍ (၄-၄-၂၀၂၃)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၇)တွင် ပါရှိသော အများသိစေရန်ကြေညာခြင်းကို ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းဆုဝေဝင်း LL.B(Advocate)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၉၈/၂၀၁၄)၊**
**ဒေါနခြံရပ်ကွက်၊ မုံရွာမြို့**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက် အမှတ်(၁၀၄၅)ဟုခေါ်တွင်သော ဧရိယာ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ပါမစ်မြေကွက်ကြီးအနက်မှ ပေ(၂၀x၆၀)ပါမစ်မူရင်း တစ်ထပ်တိုက်(RC)(၁)လုံးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ရွှေဇင်သိမ့်မော် ၁၂/ဒလန(နိုင်)၀၄၉၆၄၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အဆိုပါ အိမ်၊မြေတန်ဖိုး တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းလင်းထွန်း(LL.B) အထက်တန်းရှေ့နေ (စဉ်-၄၈၇၄၃)**
**အမှတ်-(၁၀၄၈)၊ ဒူးယား(၈)လမ်း၊ (၄၉)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)**
**မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း- ၀၉-၄၃၁၆၈၅၄၉**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ ခြံအမှတ်(၃၀/ဘီ)၊တိုက်အမှတ်(၈)၏ ဒုတိယထပ်၊ အခန်း(၃)၊အကျယ်အဝန်း ပေ(၁၅x၅၀)ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူ ဒေါ်ဌေးဌေးနိုင် ၁၂/ပဘတ(နိုင်)၀၃၀၇၄၃ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်မာလာမြင့် ၁၂/ဒဂန(နိုင်)၀၂၇၃၃၀မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသောအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးထွန်း(LL.B )**
**အထက်တန်းရှေ့နေ (စဉ်-၃၂၄၄၆)**
**ဖုန်း- ၀၉-၂၅၃၃၆၇၅၄၉**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သုနန္ဒာ(၃)လမ်း၊ မြေကွက်အမှတ်(၅၃)၊ အကျယ်အဝန်းအလျား (၁၃)ပေxအနံ(၅၄)ပေ (ရင်ကွဲခေါင်းရင်းခြမ်း) တတိယထပ်၊ (၄)လွှာ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဝင်းဝင်းမာ ၁၂/ဥကမ(နိုင်)၀၁၄၅၁၇မှ လက်ရှိပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပိုင်မျိုးကျော် ၉/စကတ(နိုင်)၁၀၇၄၂၀နှင့် ဒေါ်အေးသီမိုး ၁၂/ဥကမ(နိုင်)၂၄၆၄၆၉တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ၂-၄-၂၀၂၅ရက်တွင် ရောင်းဖိုးငွေထက်ဝက်ကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပိုင်မျိုးကျော်- ဒေါ်အေးသီမိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးယုမော်(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၀၃)**
**အမှတ်(၆၂၃)၊ ရော(၁၄)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း- ၀၉- ၄၂၁၁၂၇၃၈၅**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄-HI၊ မြေကွက်အမှတ်-၈-B၊ ဧရိယာ (၀ . ၀၆၈)ကေနှင့် မြေတိုင်းရပ်ကွက်အမှတ်-၃၄-HI၊ မြေကွက်အမှတ်-၉-A၊ဧရိယာ (၀ . ၀၄၆)ကေရှိ **ဦးမောင်မောင်ဦး (၁၂/ခရန(နိုင်)၀၀၅၄၀၄)**အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမောင်မောင်ဦးမှ အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သောစရံငွေကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသူ (သို့မဟုတ်)ရောင်းချသူ၌ရောင်းချပိုင်ခွင့်မရှိကြောင်း ကန့်ကွက်လိုသူမည်သူမဆိုသည် ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်ထားမူရင်းများဖြင့်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို တရားဝင်အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်လင်းအိခိုင်ဇင် ( LL.B )**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၅၄)
အမှတ်-၈၅၇/ခ၊ ၂-လမ်း၊ အပိုင်း(၅)၊ ငမိုးရိပ်ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၁၅၃၇၂၃

### အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်းအများသိစေရန်ကြေညာခြင်း

(ဘ)ဦးပေါက်စ(ခ)အောင်ပါ၏သား မောင်ကောင်းလင်းထက် ၁၂/လမတ(နိုင်)၀၃၅၃၇၄နှင့် (ဘ)ဦးထွန်းလူအောင်၏သမီး မဖူးဖူးထက်စံ ၁၃/ဆဆန(နိုင်)၀၉၃၀၃၅ တို့သည် ၁၈-၃-၂၀၂၅ရက်တွင် သက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူ ကွာရှင်းပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊လူမှုရေးကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကိုဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်းအလျှဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ယုဆွေ အထက်တန်းရှေ့နေ(စဉ်-၅၁၃၆၇)**
**ဖုန်း-၀၉-၇၅၉၀၆၈၇၉၃**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ )
## ညောင်ဦးခရိုင်တရားရုံးတော်၌
## ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄

**ကွယ်လွန်သူ ဦးထွန်းရင် ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ဒေါ်သန်းသန်းအေး (ဘ) ဦးမောင်တိုး လျှောက်ထားသူ
ဝါခင်းကြီးကျေးရွာ၊ ညောင်ဦးမြို့နယ်
ညောင်ဦးခရိုင်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ဝါခင်းကြီးကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးလေးဖြစ်သူ ဦးထွန်းရင်၏ ညောင်ဦးမြို့နယ်အတွင်းရှိ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သန်းသန်းအေးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ခုနှစ်၊ ဧပြီလ ၂၄ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၂ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးလေးဖြစ်သူ ဦးထွန်းရင်၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူ ဟူသမျှတို့သည် အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဤရုံးတော်သို့ အထက်ပါအမှုကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၄ ရက် (၁၃၈၇ခုနှစ်၊ တန်ခူးလဆုတ် ၁၂ ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်သန်းသန်းအေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ခုနှစ်၊ မတ်လ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ချိုထက်)
ခရိုင်တရားသူကြီး
ညောင်ဦးခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်းအိမ်ရာ၊ ဇေကမ္ဘာဝင်း၊ ခရေရိပ်သာ၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၃၇)၊ စတုရန်းပေ ၁၅၀၀၄၊ ဧရိယာ ၀ ဒသမ ၃၄၄ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်မွှေးမွှေး ၁၂/ကတတ(နိုင်)၀၀၄၉၉၉ အမည်ဖြင့် နှစ်(၆၀)ဂရန်အမည်ပေါက်လျက်ရှိရာ ဂရန်ပိုင်ရှင်ထံမှ ဝယ်ယူ၍ ဒေါ်နွေးနွေးလှိုင် ၁၀/မလမ(နိုင်)၁၅၇၉၃၄ မှ ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရဝတီထွန်း ၁၂/ဥကမ(နိုင်)၂၃၁၂၆၉ မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ရာကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက သတ်မှတ်ထားသည့်ရက်တွင် အရောင်းအဝယ်အားပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၆၇)**
**အမှတ် ၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇)ရပ်ကွက်၊ ရွှေပေါက်ကံ၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၄၁၂၅၆၇**

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မကျဉ်းတန်းမြောက်အရှေ့ရပ်ကွက်၊ အမှတ် ၁၁၄၊ ဌာနလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးကျော်နိုင်-ဒေါ်ဝင်းပပတို့၏သမီးလတ် မဇာလီနွယ် ၁၂/ကမတ(နိုင်)၀၇၉၃၉၇ သည် မိဘများ၏ပြောဆိုဆုံးမမှုကိုလက်မခံသောကြောင့် ၇-၃-၂၀၂၅ ရက်မှစ၍ သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်နိုင် ၁၂/ကမရ(နိုင်)၀၂၅၁၇၈-ဒေါ်ဝင်းပပ ၁၂/ကမတ(နိုင်)၀၃၅၀၅၁**

## အကြင်လင်မယား ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပိုင်မင်းလွင် ၁၀/သဖရ(နိုင်)၁၂၂၇၆၄ သည် ဒေါ်ဇာခြည်ဝင်း (ဘ)ဦးမောင်ဝင်းနှင့် ၂၀၂၄ ခုနှစ်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်"ကို ချုပ်ဆို၍ မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်သက်ဆိုင်ခြင်း အလျှင်းမရှိသည့်အပြင် ဒေါ်ဇာခြည်ဝင်းနှင့်သားဖြစ်သူ မောင်ရှိုင်းထက်ပိုင်တို့၏ ကိစ္စဟူသမျှအဝဝအား ဦးပိုင်မင်းလွင်မှ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးပိုင်မင်းလွင် ၁၀/သဖရ(နိုင်)၁၂၂၇၆၄၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ငြိမ်းတိုး(LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၇၇၉)**
**အမှတ်(118-057084)၊ မဟာမြိုင်(၁)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၉၇၆၄၆၆၈၈၃**

## ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း စားသောက်ဆိုင်ခန်း အမှတ်(စ-၃၄) ဆိုင်ခန်းအား အမှတ်(၁၄/၂၄)၊ (၁၂)လမ်း၊ ပေါင်းလောင်းရပ်၊ ပျဉ်းမနားမြို့နေ ဦးလွှမ်းမိုး ၉/ပမန(နိုင်)၀၁၉၆၈၁က အမည်ပေါက်ပိုင်ဆိုင်ပါသည်။

၂။ အဆိုပါ(စ-၃၄)ဆိုင်ခန်းအား (ပ-၁၄၀)၊ ဘောဂသီရိကားဝင်း၊ ပျဉ်းမနားမြို့ (အမှတ်(၄၁/င) လေဆိပ်ရိပ်သာ(၂)လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့)နေ ဦးကျော်ကျော်ဟိန်း ၁၂/သခန(နိုင်)၁၀၈၅၆၃သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် အထောက်အထားများနှင့်အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထားတင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ၍ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်လိုသူရှိက ကန့်ကွက်နိုင်ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်လွှာတင်သွင်းလျှောက်ထားနိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက သို့မဟုတ်ကန့်ကွက်လွှာတွင် အထောက်အထားခိုင်လုံမှုမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ၂၀၂၅ခုနှစ်၊ မတ်လ (၁) ရက်မှ (၃၁)ရက်အထိ ကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များစာရင်း

**ဝေယျာဝစ္စစာရင်း**

| စဉ် | အလှူရှင်အမည်နှင့်နေရပ်လိပ်စာ | အလှူရငွေ |
|---|---|---|
| ၁။ | ဝေဟင်ချစ်သူညီအစ်မတစ်စုကောင်းမှု | ၇၁၀၀၀၀/- |
| ၂။ | ဒုတိယဗိုလ်မှူးကြီးသန့်ဇင် (ငြိမ်း)ကွယ်လွန်ခြင်း (၁)နှစ်ပြည့်အထိမ်းအမှတ်ကောင်းမှု | ၁၁၀၀၀၀၀/- |
| ၃။ | မောင်မင်းခန့်ကျော် (၁၃)နှစ်ပြည့်မွေးနေ့မင်္ဂလာကုသိုလ်အဖြစ် ဦးမျိုးဝင်းကျော်-ဒေါ်ဥမ္မာအောင်မိသားစုကောင်းမှု | ၁၁၀၀၀၀၀/- |
| ၄။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးထွန်းဦး-ဒေါ်မိမိမော် မိသားစုကောင်းမှု | ၂၄၀၀၀၀/- |
| ၅။ | ဦးဟန်ဝင်း (အင်ဂျင်နီယာချုပ်-ငြိမ်း)+ ဒေါ်မာလာ မိသားစုကောင်းမှု | ၂၉၈၀၀၀/- |
| ၆။ | မိဘနှစ်ပါးအားရည်စူး၍ သမီး-ဒေါ်မေထားလွင်၊ ဒေါ်ခင်ထားလွင်၊ သား- ဦးထွန်းဇော်လွင် မိသားစုကောင်းမှု | ၁၀၀၀၀၀/- |
| ၇။ | မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ လူမှုထူးချွန်ပထမအဆင့်ဦးကျော်ခင်မြင့် (၇၇)နှစ်ပြည့်မွေးနေ့၊ ဇနီး- သီဟသုဓမ္မသိင်္ဂီဒေါ်ခင်ခင်စန်း မိသားစုကောင်းမှု | ၃၀၀၀၀၀/- |
| ၈။ | ဦးဇော်သင်းသန်း-ဒေါ်သိင်္ဂီဦး မိသားစုကောင်းမှု | ၁၀၀၀၀၀၀/- |
| ၉။ | ဦးနိုင်ဦး-ဒေါ်သဇင်အုန်း မိသားစုကောင်းမှု | ၆၅၀၀၀၀/- |
| ၁၀။ | ဒေါက်တာဝင့်ဝါကို မိသားစုကောင်းမှု | ၅၀၀၀၀၀/- |
| ၁၁။ | ဦးမျိုးညွန့်အောင် (သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)ဇနီး- ပါမောက္ခဗိုလ်မှူးကြီး ဒေါ်နီနီဝင်း မိသားစုကောင်းမှု | ၄၅၀၀၀၀/- |
| | **စုစုပေါင်း** | **၆၄၄၈၀၀၀/-** |

**ပဒေသာစာရင်း**

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | အလှူရငွေ |
|---|---|---|
| ၁။ | ဗန်းမော်မြို့လေးထပ်ပရိယတ္တိစာသင်တိုက် ဘဒ္ဒန္တတေဇဝန္တ ကောင်းမှု | ၁၀၀၀၀၀/- |
| ၂။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးဝင်းသန်း+ဒေါ်ရီရီဝင်း မိသားစုကောင်းမှု | ၂၀၀၀၀၀/- |
| ၃။ | ဖခင်ဦးထွန်းရင်-မိခင်ဒေါ်ထွေးစိန်၊ အစ်ကို-ဦးကျော်အေး၊ သား- မောင်အောင်ကျော်ဇေအားရည်စူး၍ သမီး- ဒေါ်ခင်မိမိ၊ မြေး- မအေးသီတာထွန်း မိသားစုကောင်းမှု | ၁၀၀၀၀၀/- |
| ၄။ | မိဘနှစ်ပါးအားရည်စူး၍ သမီး- ဒေါ်မေထားလွင်၊ ဒေါ်ခင်ထားလွင်၊ သား- ဦးထွန်းဇော်လွင် မိသားစုကောင်းမှု | ၂၀၀၀၀၀/- |
| ၅။ | ဦးအောင်သူကို+ဒေါ်နန်းခင်လှပြုံး၊ သား- မောင်လင်းထက်အောင်၊ မောင်ကောင်းထက်အောင် မိသာစုကောင်းမှု | ၃၀၀၀၀၀/- |
| ၆။ | မိခင်ကြီး ဒေါ်မိမိအားရည်စူး၍ ဒေါ်မေမေထားနှင့် ညီအစ်မများကောင်းမှု | ၃၀၀၀၀၀/- |
| ၇။ | ဦးအုန်းလွင် အားရည်စူး၍ သမီး- ဒေါ်မေမေထားနှင့် ညီအစ်မများကောင်းမှု | ၁၀၀၀၀၀/- |
| | **စုစုပေါင်း** | **၁၃၀၀၀၀၀/-** |

**ဆက်သွယ်ရမည့်ဖုန်း-၀၉၂၆၅၁၁၂၈၂၀**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဃ/၅၄၁၈၄ Honda C90 Custom CMU ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဆွေ ၉/မကန(နိုင်)၀၀၇၁၃၆ က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး**
**(မကွေး)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မေခအိမ်ရာ၊ သံလွင်လမ်း၊ အမှတ်(၉/B)၊ မြေတိုင်းရပ်ကွက်၊ ၂၉/က+ခ/၃၃/က+ခ(မေခအိမ်ရာ)၊ မြေကွက်အမှတ် (၅/ခ)၊ မြေအမျိုးအစား နှစ် (၆၀) မြေငှားစာချုပ်၊ ဧရိယာ [အလျား $\frac{၄၇'}{၂၈'+၂၀'\ 6''}$ x အနံ $\frac{၇၀'}{၇၈'}$(၃၃၀၀ စတုရန်းပေ)]ရှိ အဆောက်အအုံအပါအဝင် အိမ်မြေအားရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြသက်နွယ် ၁၂/မရက(နိုင်)၁၄၆၇၈၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်း၊ အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောလင်းကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၆၆/၃၁-၁၂-၂၀၁၃)**
**အမှတ်(၄၉၃)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-၀၉-၇၇၆၀၉၀၃၅၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/86083 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်းလွင် ၉/မဟမ(နိုင်)၀၄၁၆၇၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3N/6418 Nissan Vanette Sk82TN ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း ၆/လလန(နိုင်)၀၇၁၂၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကော့သောင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 4R/4754 Sizuki Ciaz YL 1/Saloon (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသွယ်နှင်း ၈/ပဖန(နိုင်)၀၀၁၀၄၁က (ကမ-၃)ပျောက် မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး**
**(မကွေး)**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်တင်မျိုးခိုင် ၁၁/သတန(နိုင်)၀၆၂၄၀၂၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးရန်။

**ဖုန်း-၀၉-၇၆၂၅၇၈၆၈၄**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးထွန်းဇော် ၈/မလန(နိုင်)၁၀၁၀၇၈ ၏ ပတ်စ်ပို့နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးရန်။

**ဖုန်-၀၉-၇၅၀၀၆၃၀၄၄**

## ကန့်ကွက်နိုင်သည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်-၅၆၁ဟု ခေါ်တွင်သည့် ပေ(၄၀x ၆၀)ရှိ ဦးအေးဆင့် ၉/မတန(နိုင်)၀၃၉၂၅၈ အမည်ပေါက် မြေကွက်ကို ဆက်စပ်စာချုပ်များဖြင့် လက်ရှိထားပိုင်ဆိုင်သူများဖြစ်သည့် ဦးမောင်မောင် ၁၂/တမန(နိုင်)၀၅၇၃၆၂၊ ဦးမောင်မောင်လေး ၁၂/တမန(နိုင်)၀၅၇၃၆၃ နှင့် ဒေါ်သန်းသန်းအေး ၁၂/တမန(နိုင်)၀၅၇၃၆၄ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းဇော်ထွေး (DBN-019072) က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဇော်ဖြိုးမောင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၃၁/၂၇-၁၁-၂၀၂၄)**
**အမှတ်(၂၀)၊ ဘောဂလမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၇၇၇၂၄၁၅၄၁**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 37W/49122 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးဖန် ၉/မမန(နိုင်)၀၃၁၀၉၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/33603 Yinxing 110M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီစန်း ၉/ခမစ(နိုင်)၀၂၆၀၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## အများသိစေရန်ကြေညာခြင်း

ကျွန်တော်ဦးသန်းဇော်လွင်နှင့် ဒေါ်ဖြူဖြူဘိုတို့သည် ၂၀၁၁ ခုနှစ်တွင် မြန်မာ့ဓလေ့ထုံးတမ်းအရ နေထိုင်ပေါင်းသင်းခဲ့ပြီး သားတစ်ဦး၊ သမီးတစ်ဦး မွေးဖွားထွန်းကားခဲ့ပါသည်။ လက်ထပ်ပွားပစ္စည်းများအဖြစ် အမှတ်(၃၆၂/ခ)၊ လက်ဝဲသုန္ဒရလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အကျယ်အဝန်း ပေ(၂၀x၆၀) ရှိသည့်မြေနှင့် (၂)ထပ်ခွဲ တိုက်အိမ် (၁)လုံး၊ အမှတ် (၃၇၁/အေ)၊ မာဃ (၁၄)လမ်း၊ (၁၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ မြေညီထပ်တိုက်ခန်း (၁)ခန်း၊ အမှတ်(၅၀၅)၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ အကျယ်အဝန်း ပေ(၄၀x၆၀) ရှိသည့် မြေကွက် (၁) ကွက်နှင့်ယာဉ်အမှတ် (2D/4412) Toyota အမျိုးအစား Belta ကား ခဲရောင် (၁)စီးတို့နှင့်ပတ်သက်၍ ကျွန်တော်ဦးသန်းဇော်လွင် မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း အစရှိသည့်မည်သည့်ကိစ္စရပ်များမှ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးသန်းဇော်လွင်**
**၁၂/သဃက(နိုင်)၀၀၃၄၇၃**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဝင်းထိုက်**
**(စဉ်-၁၂၂၂၄) တရားလွှတ်တော်ရှေ့နေ**
**စုပေါင်းရုံးပတ်လမ်း၊ (၃၇) ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်တရားရုံးရှေ့၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၇၂၄၀၂၁၈၈**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ - ၂၂)**
**နတ်တလင်းခရိုင်တရားရုံး**
**၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၀ နှင့် ဆက်နွှယ်သည့်**
**၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၅၃**

ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ၊မန်နေဂျာ) နှင့် ၁။ ဦးမြင့်စံ ၂။ ဦးသန်းဦး ၃။ ဒေါ်ဝေဝေမြင့် ၄။ ဒေါ်စန်းဝင်း

**(ဒီကရီအနိုင်ရသူ)** **(တရားရှုံးများ)**

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ လယ်ဦးစုလမ်း၊ အိမ်အမှတ်(၉၁)နေ ၁။ဦးမြင့်စံ၊ ၂။ဦးသန်းဦး၊ ၃။ဒေါ်ဝေဝေမြင့် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀ တွင် ကျရှိသည့် ပုဂ္ဂလိကဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူကလျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရ ကိုယ်စားလှယ်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **( တင်ဝါဝါသိန်း )**

**ခရိုင်တရားသူကြီး**
**နတ်တလင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းအိအိဖြူ ၈/ပခက(နိုင်) ၂၆၂၉၈၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ တကောင်း(၆)လမ်း၊ မြေကွက်အမှတ်(၉၈/ခ)၊ မြေအကျယ်ပေ(၂၀x၆၀)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံအပါဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် ဒေါ်ရှာဝှမ်း ၁၂/ဥကတ(နိုင်)၀၉၅၀၉၀ ထံမှ အရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်သည်ဟုအဆိုပြုသူ ဒေါ်အလှိုင် ၁၂/ဥကတ(နိုင်)၀၅၅၈၀၀ မှ ၎င်းတစ်ဦးတည်းသာ လိုအပ်သလိုစီမံခန့်ခွဲ ပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေမှ သဘောရိုးဖြင့်ယုံကြည်ပါသောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့် (LL.B)**
**(စဉ်-၁၂၉၈၆/၂၀၁၇)**
**(တရားလွှတ်တော်ရှေ့နေ)**

**ဦးရဲမြင့်အောင်(LL.B)**
**(စဉ်-၄၁၇၀၃/၂၀၁၃)**
**ဒေါ်တင်ဇာမျိုး(LL.B)**
**(စဉ်-၄၅၂၆၅/၂၀၁၄)**
**(အထက်တန်းရှေ့နေများ)**

**အမှတ်-၈၉၉/ပထမထပ်၊ မြင်တော်သာလမ်းမကြီး၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉ -၄၂၀၀၈၀၅၁၂ ၊ ၀၉- ၄၄၃၁၆၇၈၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ မြောက်ဥက္ကလာပမြို့နယ် ၊မြေတိုင်းရပ်ကွက်အမှတ်(၅/ဝေဘာဂီ)၊ မေတ္တာလမ်း ၊ မြေကွက် အမှတ်(၂၀၇)ဟုခေါ်တွင်သောပေ(၃၀x၅၀) ကျယ်ဝန်းသည့် ဦးကြည်ဝင်း(HZA 193480) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ ကို အရပ်ကတိစာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိ ကြောင်းဝန်ခံလျက် ယခုပိုင်ဆိုင်ထားသူ ဦးထွန်းနိုင် ၁၂/ဥကမ(နိုင်)၀၀၅၉၁၄ နှင့် ဒေါ်ခင်စန်းဦး၁၂/ဥကမ(နိုင်)၀၀၅၉၁၃ တို့မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ပြည့်ဖြိုးဝင်းမြင့် (LL.B, D.I.L) အထက်တန်းရှေ့နေ(စဉ် -၄၂၁၁၂)**
**ဖုန်း - ၀၉-၄၅၁၆၆၁၆၆၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/၃)၊ လူနေရပ်ကွက်အမှတ်-မြင်သာစုပေါင်း အိမ်ရာ၊ မြေကွက်အမှတ် (၂၅၁/၁+၂)၊ ဧရိယာ ၀ ဒသမ ၀၈၀ကေရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၁၄/၂) ရပ်ကွက်၊ ကျေးတမာလမ်း၊ အမှတ် (၂၅၁)ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသူ ဦးမောင်မောင်လေး ၁၂/လကန(နိုင်)၀၂၄၉၂၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ တွင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်က ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်လတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၃၈)**
**အမှတ် ၃၆၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -၀၉-၂၅၄၁၁၇၈၅၄**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/5448 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော်၌**
**၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀**

၁။ ဦးအေးကြိုင် ၂။ ဦးအောင်ကောင်းထက် **(တရားလိုများ)** နှင့် ဦးတင်ထွဋ် **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၂၅)ရပ်ကွက်၊ ဇီဇဝါ(၄)လမ်း၊ အမှတ်(၂၆)နေ ဦးတင်ထွဋ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို (၁) ဦးအေးကြိုင်၊ (၂) ဦးအောင်ကောင်းထက်တို့က ပဋိညာဉ်အတိုင်း အရောင်းအဝယ်ကတိစာချုပ်ကိုမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဧပြီလ ၂၅ရက် (၁၃၈၇ခုနှစ်၊ တန်ခူးလဆုတ် ၁၃ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထင်လင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၅)၊ စိန်ပန်းလမ်း၊ မြေကွက်အမှတ် (၈၈၀)၊ အိမ်အမှတ် (၂၆) ဟုခေါ်တွင်ပြီး အကျယ်အဝန်း (အလျား ၂၀ပေ x အနံ ၆၀ပေ) ရှိသည့် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ရှင်ဒေါ်ရီရီမြင့် ၁၂/မရက(နိုင်)၀၃၀၅၅၅ အမည်ဖြင့်မှတ်သားတည်ရှိသည့်နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်ပိုင်ရှင် ဒေါ်ရီရီမြင့်၁၂/မရက(နိုင်)၀၃၀၅၅၅နှင့် ခင်ပွန်းဖြစ်သူ ဦးတင်ကြိုင် ၁၂/မရက(နိုင်) ၀၃၁၅၅၄ တို့မှ တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ၎င်းတို့မှသာလျှင် ပေးကမ်းပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ ၁၉-၃-၂၀၂၅ ရက်တွင် နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဒေါ်အိရွှေစင်**
**၁၂/မရက(နိုင်)၀၀၂၅၂၆**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်ဆုထွန်း (စဉ်-၄၉၀၄၆)**
**အထက်တန်းရှေ့နေ**
**အမှတ် (၈၈၂)၊ သန္တာလမ်း၊ (၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၆၂၉၀၁၅၊ ၀၉-၂၅၃၅၇၅၀၇၇**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၃/ဇုန်) ရပ်ကွက်၊ မြစ်ကြီးနားလမ်း၊ အမှတ်(၁၃၇)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃/ဇုန်)၊ မြေကွက်အမှတ်(၁၃၇)၊ ဧရိယာ ၀ ဒသမ ၄၀၆ ကေရှိ ဦးသိန်းလွင် ၁၂/ပဇတ(နိုင်)၀၁၁၂၂၀ (KTDA-001766) အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်ဖြစ်သူ ဦးသိန်းလွင် ၁၂/ပဇတ(နိုင်)၀၁၁၂၂၀ (KTDA-001766) မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ဝင်းပပစန္ဒာ**
**LL.B,D.B.L,D.M.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)**
**တိုက်အမှတ်-(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ဇာဝေယျာလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်**
**ဖုန်း- ၀၉- ၉၄၆ ၅၄၂ ၂၆၊ ၀၉- ၄၂၁၁၂၄၈၀၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/2994 Mazda Bango SKF2T P/U(4x2)ယာဉ် အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ငုဝါခိုင် ၁၂/တတန(နိုင်)၁၉၁၇၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/8359 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပန်းကြည် ၃/ကကရ(နိုင်)၀၀၄၆၉၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြဝတီ)**

## မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ လင်းတဲကျေးရွာနေ (ဘ)ဦးအောင်နိုင်ထွန်း၏ သမီး မနှင်းအက်စတာအောင် ၈/ငဖန(နိုင်)၀၅၀၅၃၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၇-၂၀၀၄ ဖြစ်ပါကြောင်း။

## CNG သုံးစွဲခွင့်လက်မှတ် အနီကတ်အမှတ် NO.(E-57371) ပျောက်ဆုံးကြောင်းကြေညာခြင်း

ခေတ်သစ်ဘုရင့်နောင်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ကုမ္ပဏီပိုင်ယာဉ် (7N-6972) Daewoo City Bus (2009)Model ယာဉ်၏ သဘာဝဓာတ်ငွေ့(CNG)သုံးစွဲခွင့်ပြုခြင်းလက်မှတ် အနီကတ်အမှတ် NO.(E-57371) သည် (21-3-2025)ရက်တွင် ပျောက်ဆုံးကြောင်း ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**KHIT THIT BAYINT NAUNG PUBLIC CO.,LTD**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/37735 Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဖိုလ်ဖိုလ်ဟိန်း ၁၄/အမန(နိုင်)၀၉၃၁၆၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်သန္တာထွေး ၅/မမန(နိုင်)၀၅၆၆၁၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်သန္တာထွေးနှင့်ဦးမောင်မောင်လေး (ဘ)ဦးစိန်သောင်း ၅/မမန(နိုင်)၀၅၆၁၀၉တို့သည် ၂၆-၆-၂၀၀၉ခုနှစ်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သားတစ်ဦးထွန်းကားခဲ့ပါသည်။

ယခုအခါ ဒေါ်မြင့်သန္တာထွေးနှင့်ဦးမောင်မောင်လေးတို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိသည့် အတွက် ၆-၄-၂၀၂၅ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။

သို့ပါ၍ နောက်နောင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်ခြင်း မရှိတော့ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုပြုံး(LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၄၀)**
**ရုံးခန်း-အမှတ်(၁၀၃/ဘီ)၊ အနော်ရထာ(၃)လမ်း၊ (22/VIP)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၇၇၈၇၄၈၇**

## ဦးညီညီဇော် (၁၂/ရကန(နိုင်)၀၇၆၃၈၈)အား အနူးအညွတ်တောင်းပန်ခြင်း

၉-၃-၂၀၂၅ရက်ထုတ်၊ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၆)တွင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်းခေါင်းစဉ်ဖြင့် ဒေါ်အိမ့်ဂျူလိုင်မိုး(၁၂/ ဒလန(နိုင်)၀၅၅၄၈၁)၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်ဟုဖော်ပြစဉ်က (ဘ) ဦးမြင့်စိုး၏ သား ဦးညီညီဇော်(၁၂/ရကန(နိုင်)၀၇၆၃၈၈)နှင့် (ဘ) ဦးလေးမြင့်ကျော်၏သမီး ဒေါ်အိမ့်ဂျူလိုင်မိုး ၁၂/ဒလန(နိုင်)၀၅၅၄၈၁တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်ဟု စာစီရေးသားရာတွင် မတော်တဆလွဲမှားသွားခြင်းကို ယနေ့ ၈-၄-၂၀၂၅ရက်တွင်မှ သတိပြုမိခဲ့ပါသည်။ ထိုသို့ မရည်ရွယ်ဘဲ မတော်တဆ မှားယွင်း၍ ဦးညီညီဇော်က လွှဲအပ်ညွှန်ကြားသည်ဟု ဖော်ပြမိခြင်းအတွက် ဦးညီညီဇော် ၁၂/ရကန(နိုင်)၀၇၆၃၈၈အား မှားယွင်းဖော်ပြမိခြင်းကို ပြန်လည်ရုပ်သိမ်းပါသည်။ ဦးညီညီဇော်အနေဖြင့် လွှဲအပ်ညွှန်ကြားခဲ့ခြင်းမရှိပါ။ မှားယွင်းဖော်ပြမှုကြောင့် ဦးညီညီဇော်အတွက် အလွန်စိတ်မကောင်းဖြစ်ရပါသည်။ စိတ်အနှောင့်အယှက်ဖြစ်စေခဲ့ခြင်းကို ခွင့်လွှတ်ပါရန် စိတ်ရင်းမှန်ဖြင့် အနူးအညွတ် တရားဝင်တောင်းပန်အပ်ပါသည်။

**ဦးသန်းထူးကျော်**
**အထက်တန်းရှေ့နေ(စဉ်-၅၆၄၄၇)**
**ဖုန်း-၀၉-၂၅၄၃၂၁၀၆၁**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/41121 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၅/ရဘန(နိုင်)၁၀၀၇၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရွှေဘို)ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည်(၂၈၁၀)၊ (သူဇာတိုးချဲ့ကွက်သစ်)၊ ဦးပိုင်အမှတ်(၆၄၂)၊ ဧရိယာ ၀ ဒသမ ၁၁၀ကေရှိမြေကို မူလပိုင်ရှင် ဒေါ်တင်နု၏ အမည်ဖြင့် ၇-၁၁-၁၉၉၄ရက်မှ ၆-၁၁-၂၀၂၄ရက်ထိ နှစ်(၃၀)မြေငှားဂရန်ရရှိထားပြီး ၃-၉-၂၀၂၄ရက်၌ ရွှေဘိုမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်(၄၁/၂၀၂၄)ဖြင့် ဒေါ်တင်နုနှင့် ဦးဥာဏ်လင်းကျော်-ဒေါ်ငြိမ်းငြိမ်းစံတို့ သဘောတူချုပ်ဆိုထားသည့်မြေနေရာကို ၎င်းတို့မှ အမည်ပြောင်း/သက်တမ်းတိုးမြေငှားဂရန်ခွင့်ပြုချထားပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြော်ငြာအပ်ပါသည်။

**ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ရွှေဘိုမြို့**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ချောင်းကောက်ကျေးရွာအုပ်စု၊ ကိုးပင်ကျေးရွာနေ (ဘ) ဦးပွလေး၏သား ကျွန်တော် မောင်မြတ်သူအောင် ၈/ဆပဝ(နိုင်) ၀၇၀၂၅၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-255734)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ။

**ဖုန်း-၀၉-၉၄၁ ၉၁၇ ၄၄၃**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ပဒုမ္မာလမ်းနေ ဦးမော်သာထွေး ၁၂/ကမရ(နိုင်)၀၄၄၃၀၂၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာလိုက်သည်။

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ပမ္မဝတီ(၄)လမ်း၊ မြေကွက်အမှတ် (၄၇၁)၊ အလျားxအနံပေ(၆၀x၆၀)၊ ဧရိယာ ၀ ဒသမ ၀၈၂ကေရှိ မြေကွက်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဦးကျော်မိုး (ဘ) ဦးမောင်လွင် ၉/ပမန(နိုင်)၁၈၇၄၇၆ ၏ အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ ဦးကျော်မိုးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမော်သာထွေးမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါမြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းများ၊ အမိန့်ဒီကရီများ၊ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးမော်သာထွေး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မို့မို့စိန် (LL.B)** **ဒေါ်ဖွေးမို့မို့စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၀၉)** **အထက်တန်းရှေ့နေ (စဉ်-၅၆၅၈၈)**
**အမှတ်(၄၀၈)၊ ပိတောက်လမ်း၊ ပြည့်စုံအောင်ရပ်ကွက်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၉-၄၃၀၃၅၉၉၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန ကွပ်ကဲမှုအောက်ရှိ နေပြည်တော်မြို့မဈေးမှ စားသောက်ခန်းအမှတ် စ-၁၅(ခ)၊ ဦးကျော်ခိုင်ဦး ၁၃/ကခန(နိုင်)၀၂၉၈၂၀ အမည်ဖြင့် ထုတ်ပေးထားသော**"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"**မှာ ပျောက်ဆုံးသွားပါသဖြင့် **"ဈေးဆိုင်ခန်း အငှားချထားခြင်းလိုင်စင်ကတ်"(မိတ္တူမှန်)** ထုတ်ယူခွင့်ပြုပါရန် **"ဈေးဆိုင်ခန်း အငှားချထားခြင်း လိုင်စင်ကတ်"(မူရင်း)** ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ(မူရင်း)၊ ရဲစခန်းထောက်ခံချက်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အိမ်ထောင်စုဇယား(မိတ္တူ)များတင်ပြပြီး **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်" (မိတ္တူမှန်)** လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ယနေ့မှစပြီး (၁၄)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးကျော်ခိုင်ဦး အမည်ဖြင့်ထုတ်ပေးထားသော **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"(မူရင်း)**အား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်" (မိတ္တူမှန်)**ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်အုံးကျင်
## အသက်(၈၄)နှစ်

ဒိုက်ဦးမြို့နေ (ဦးရွှေအိ-ဒေါ်ကျင်မေ)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၂၇)၊ အေးရိပ်မွန်(၄)လမ်း၊ (၄)ရပ်ကွက်နေ ဦးမြင့်အောင်၏ဇနီး၊ ဒေါက်တာသန်းသန်းဦး [ပါမောက္ခ(ငြိမ်း)သန်လျင်တက္ကသိုလ်]၊ ကိုမင်းအောင်-မနီနီအေး၊ ကိုတင်အောင်ရှိန်၊ ဒေါက်တာ သီတာအောင် (တွဲဖက်ပါမောက္ခ)ဆေးတက္ကသိုလ်(၁)၊ ဒေါ်ချိုချိုအောင်၊ ကိုဇော်ဝင်းအောင်-မမြမန္တူလွင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘွားဖြစ်သူသည် ၆-၄-၂၀၂၅ရက်(တနင်္ဂနွေနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားနာပြုလုပ်မည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ၁၂-၄-၂၀၂၅ ရက်(စနေနေ့)နံနက် ၈ နာရီမှ ၁၀နာရီတွင် တရားတော်နာကြွရောက်ပါရန် ညှိုးငယ်စွာဖြင့်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ကြည်မြ
## အသက် (၈၃ )နှစ်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ကျေးရွာနေ (ဦးသောင်းရွှေ-ဒေါ်အေးကြွယ်)တို့၏ ချစ်လှစွာသော တစ်ဦးတည်းသောသမီး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI Cityနေ Captain ထင်ကျော်၏ ချစ်လှစွာသော ဇနီး၊ ဒေါက်တာမြစန္ဒာကျော်-ဦးမောင်မောင်သွင်၊ ဒေါ်စောမိမိကျော် -Mr Francis Au Seng Huat၊ ဒေါက်တာ ခင်ချောချောခိုင်ကျော် - Mr Osami Yanagisawa၊ Captain သူရထင်ကျော်၊ ဦးထက်ထင်ကျော်၊ ဒေါ်ထက်ထက်မော်တို့၏ ချစ်လှစွာသော မိခင်ကြီး၊ Ken Yanagisawa၊ Alexander Kyaw Thwin၊ Kendrea Megan Au ၊ စုထက်ရတနာကျော်၊ အောင်ဘုန်းထက်ကျော် တို့၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်ကြည်မြသည် ၈- ၄ -၂၀၂၅ ရက် နံနက် (၅:၂၀)နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၂၅ရက် (ကြာသပတေးနေ့) ညနေ (၃:၃၀) နာရီတွင် ထိန်ပင်သုသာန်ခန်းမ(၁)မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သဟာအပေါင်းတို့အား ညှိုးငယ်သော စိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅) ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ တိုက်အမှတ် (၁၇၁)၊ အခန်းအမှတ် (၀၀၂) နေ ဒေါ်အေးမင်းဇော (ခေတ္တဂျပန်နိုင်ငံ)၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးမင်းဇော ၁၂/ကမရ(နိုင်)၀၅၆၇၄၄ နှင့် ဦးကောင်းဆက်ပိုင်ဦး ၉/ပမန(နိုင်)၁၈၈၄၈၅ (ခေတ္တ ဂျပန်နိုင်ငံ) တို့သည် (၂၀-၈-၂၀၁၄) ခုနှစ်တွင် တရားရုံး၌ ကတိသစ္စာပြုလွှာဖြင့် တရားဝင်လက်ထပ်ထိမ်းမြားခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးကောင်းဆက်ပိုင်ဦးတို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန်မဖြစ်နိုင်တော့ပါသဖြင့် (၁၉-၁-၂၀၂၅) ရက်တွင် ဂျပန်နိုင်ငံ၌ အသိသက်သေများရှေ့မှောက်၌ မိမိတို့၏လွတ်လပ်သောသဘောဆန္ဒနှင့်အညီ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်တစ်ရပ် ချုပ်ဆို၍ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးကောင်းဆက်ပိုင်ဦး တို့သည် လူမှုရေးအရသော်လည်းကောင်း၊ စီးပွားရေးအရ သော်လည်းကောင်း၊ ပစ္စည်းခွဲဝေခြင်းဆိုင်ရာ ကိစ္စအရပ်ရပ်အရသော်လည်းကောင်း တစ်စုံတစ်ရာသက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်းနှင့် သားသမီး အုပ်ထိန်းခွင့်အား ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းကသာ အပြည့်အဝရရှိထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ ဦးကြည်ချမ်းငြိမ်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၀၅)**
**LL.B (Myanmar), LL. B, LL.M (Japan) Tel: +95-94-2018-2076**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးမြို့၊ ရုံးကြီးရပ်၊ အကွက်အမှတ် ၁၅ဒီ၊ အကွက်အမည်-လိပ်ပြာကန်ရပ်၊ ဦးပိုင်အမှတ်(၇၀ဃ)၊ ဧရိယာ(၀ဒသမ၀၈၈)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် အရှေ့လားသော်-ဦးပိုင်အမှတ် ၇၀ဓ၊ အနောက်လားသော်-ဦးပိုင်အမှတ် ၇၀က၊ တောင်လားသော်-သနပ်ပင်လမ်း၊ မြောက်လားသော်-နောက်ဖေးလမ်းကြား၊ အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးရန်နိုင်ဝင်းမှ လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ၇-၅-၂၀၂၅ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ဦးရန်နိုင်ဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျုံပျော်မြို့နယ်၊ သောင်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၂၅B/S)၊ ဦးပိုင်အမှတ် ၁/၈၊ ဧရိယာ(၀.၁၂)ဧက၊ သောင်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၂၅B/S)၊ ဦးပိုင်အမှတ် ၁/၁၄၊ ဧရိယာ(၀.၀၇)ဧက၊ သောင်ကြီးကျေးရွာအုပ်စု၊ ကျုံပျော်မြို့နယ်၊ သောင်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၂၅B/n)၊ ဦးပိုင်အမှတ်၆၉/၆၊ ဧရိယာ(၀.၀၇)ဧကအား ဦးရဲမင်းအောင်အမည်ဖြင့် မြေငှားဂရန်(အသစ်)လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျုံပျော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်(အသစ်)ထုတ်ပေးခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျုံပျော်မြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး
# ဦးလှကြည်
## အသက် (၉၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ (ဦးဘိုးမြစ်-ဒေါ်ကြွေ)တို့၏သား၊ (ဦးစိန်ပ-ဒေါ်လှကြည်)တို့၏သား သမက်၊ ဒေါ်ကျင်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်နိုင်-ဒေါ်မေသီတာ၊ (ဦးစံဝင်း-ဒေါ်ငွေငွေစန်း)၊ ထိုင်ဝမ်နေ ဦးစိုးဝင်း-ဒေါ်မင်းမင်း၊ ဦးစစ်နောင်-ဒေါ်ယဉ်ယဉ်နွယ်၊ ဒေါ်ယဉ်ယဉ်ခိုင်(ခ)ဒေါ်ခင်ပြည့်ပြည့်၊ ထိုင်ဝမ်နေ ဦးလော်ကျင့်ဇယ်-ဒေါ်ထားထားလှိုင်၊ ဦးနိုင်ဝင်းအောင်-ဒေါ်မြတ်လှသူဇာတို့ ချစ်လှစွာသောမွေးသဖခင်၊ မြေး (၇)ယောက်၊ မြစ် (၈) ယောက်တို့၏အဘိုးသည် ၆-၄-၂၀၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၅:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၀-၄-၂၀၂၅ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဝမ်းနည်းကြေကွဲခြင်း
# ဦးသန်းနိုင်၊ စစ်မှုထမ်း(ငြိမ်း)
## အသက်(၈၇)နှစ်

သူငယ်ချင်း ဇော်သီဟ၏ ဖခင်ဖြစ်သူ ဦးသန်းနိုင်သည် ၇-၄-၂၀၂၅ ရက် နံနက် (၁:၃၀) နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၆)မှ**
**သူငယ်ချင်းမိသားစုများ**

## ရဟန်း ဒါယိကာမကြီး
# ဒေါ်ယဉ်ယဉ်စန်း
## အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်စိတ္တလမ်း၊ အမှတ် ၁ (၃လွှာ)နေ (ဦးစန်းအောင်)-ဒေါ်မဂရတ်တို့၏သမီး၊ (ဦးတင်ဦး-ဒေါ်မေမေရင်)တို့၏ချွေးမ၊ (ဦးသက်ထွန်းဦး)၏ဇနီး၊ မသက်ထားဆွေ၊ မောင်ကျော်ဇင်သက်-မမေသူဇာမြင့်တို့၏ မိခင်သည် ၅-၄-၂၀၂၅ရက် (စနေနေ့) ည ၈:၃၈ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ မိသားစု၏ ဆန္ဒအရ ၇-၄-၂၀၂၅ ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ အမှတ်(G-4)၊ i GREEN Development & Engineering Group Co.,Ltd မှ ဆောက်လုပ်ပြီးစီးသော အဆင့်မြင့်ကွန်ဒိုအဆောက်အအုံ၏ (Level-3)၊ တိုက်ခန်းအမှတ်(3B)၊ ဧရိယာ(1492)စတုရန်းပေရှိ ရေ၊ မီးအပြည့်အစုံပါဝင်သော ကွန်ဒိုတိုက်ခန်း အပါအဝင် ယင်းကွန်ဒိုတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးထက်ကိုကို ၁၄/မမန(နိုင်) ၂၀၄၄၃၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်မေကြူ ၁၂/ကတတ(နိုင်)၀၁၀၅၇၄ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စ နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/52662, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဆွေမြင့် ၁၃/ကမန(နိုင်)၀၆၆၁၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်မဲမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/14465, Honda Clcik-125 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd. က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

# ဒေါ်ခင်နွဲ့ရင်(မြိတ်)
## လ.ဝ.က(ငြိမ်း)
## အသက်(၈၃)နှစ်

မြိတ်မြို့နေ(ဦးထွန်းရင်-ဒေါ်မြူးကျင်)တို့၏သမီး၊ ရန်ကုန်မြို့နေ [ဦးမင်းသူ(တက္ကသိုလ်မင်းသူ)(လ.ဝ.က တိုင်းဦးစီးဌာနမှူး)]၏ ချစ်လှစွာသောဇနီး၊ ဦးမိုးကျော်သူ-ဒေါ်အေးအေးထွန်း(ဩစတြေးလျ)၊ ဦးထင်လင်းဆွေ-ဒေါ်ကေသီမင်းသူ(မလေးရှား)၊ ဦးတင့်လွင်ထွေး Alliance Venture Co.,Ltd.-ဒေါ်သီတာမင်းသူ၊ ဦးအောင်လင်းသူ (Dynasty Books)-ဒေါ်ခွန်းချိုဇင်သန့်၊ ဦးအောင်မြတ်သူ (ပြည်မြန်မာစာအုပ်တိုက်)-ဒေါ်ခင်သူဇာဝင်း (မိဘမေတ္တာစာပေ)တို့၏ ချစ်လှစွာသောမိခင်၊ မချေးအိမ့်ရတနာကျော်(ထိုင်း)၊ မောင်ကျော်သူဟန်(ကိုရီးယား)၊ မအိမြိုးခင်၊ မယွန်းဝတီခင်၊ မောင်မြတ်ဘုန်းမောင်တို့၏ ချစ်လှစွာသောအဘွားသည် ၇-၄-၂၀၂၅ရက်၊(တနင်္လာနေ့) ည၈:၃၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၉-၄-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်ခန်းမ(၁/ခ)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(တိုက်နံပါတ်(၁)၊ အခန်း(၁၀၆)၊ ကျိုတော်အိမ်ရာ၊ ကျိုတော်လမ်း၊ ပုဇွန်တောင်မြို့နယ် နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၂၅(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် မြိတ်ကျားကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ အိုင်၊ မြေကွက်အမှတ်-၄၆ ခအ / ၂၊ ဧရိယာ- ၀.၃၂၈ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်- ၂၁ ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခူဘာလာ(စ)ဒေါ်စင်အေးသန်း (၁၂/ဗဟန(နိုင်)၀၈၁၉၁၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေများအနက်မှ တစိတ်တဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အဆောက်အအုံများအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀၁-၆၃၅၂၊ ၀၉-၅၅၀-၆၅၅၆

## အများသိစေရန်ကြေညာခြင်း

ဒေါ်ရွှေရည်ဇော် (၁၂/စခန(နိုင်)၀၇၇၈၇၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်တို့အား လွှဲအပ်ညွှန်ကြားသူ ဒေါ်ရွှေရည်ဇော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အသရေဖျက်သော၊ နှောင့်ယှက်သော၊ မှန်ကန်ခြင်းမရှိသော အကြောင်းအရာများအား မိတ်ဆွေအပေါင်းအသင်း၊ မိသားစုဝင်များနှင့် အခြားသူများ ထံသို့ ဖြန့်ဝေခြင်းများ၊ လူမှုကွန်ရက်စာမျက်နှာ (Online)ပေါ်တွင် ရေးသား၍ ပို့စ် (post)တင်ခြင်းများ၊ ဆောင်ရွက်နေသူများရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကိစ္စရပ်များအား ပြုလုပ်ပြောဆိုသူများအနေဖြင့်လည်းကောင်း၊ ပူးပေါင်းပါဝင်နေသူများ အနေဖြင့်လည်းကောင်း၊ Like Share နှင့် Comment များရေးသားနေသူများအနေဖြင့်လည်းကောင်း၊ ယနေ့မှစ၍ ချက်ခြင်းရပ်တန့်သွားရန်နှင့် နောက်နောင်တွင် မည်သည့်နည်းလမ်းနှင့်မျှ ဒေါ်ရွှေရည်ဇော်၏အသရေကို ဖျက်ခြင်း၊ နှောင့်ယှက်ခြင်းများကို လုံးဝ(လုံးဝ) ထပ်မံမပြုလုပ်ပါရန် အသိပေးအပ်ပါသည်။

အကယ်၍ ယခုအသိပေးကြေညာချက်အတိုင်း လိုက်နာဆောင်ရွက်သွားရန် ပျက်ကွက်ခဲ့ပါက အထက်ဖော်ပြပါလုပ်ရပ်များအား ပြုလုပ်ခဲ့သူများ၊ ပြုလုပ်နေသူများအပေါ် သက်ဆိုင်ရာဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ - ဒေါ်ရွှေရည်ဇော် (၁၂/စခန(နိုင်)၀၇၇၈၇၅)**

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ချစ်ချစ်စံ** | **ဦးစန်းမင်းဦး** | **ဒေါ်ခိုင်စုဝေ(ခ)** |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | **ဒေါ်ငုဝါဝါလွင်** |
| စဉ်-၁၇၀၇၁ | စဉ်-၁၉၅၄၀ | တရားလွှတ်တော်ရှေ့နေ |
| | | စဉ်-၁၉၅၃၉ |

**တိုက်အမှတ်-(B-5)၊ အခန်း (၂၀၁)၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊**
**ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၁၀၀၈၆၉၅၊ ၀၉-၂၅၈၀၀၁၇၉၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/7710, Toyota Ipsum C x M 10 Station Wagon (ကမ-၃) အမည်ပေါက်သူ ဦးမောင်လေး ၁၀/မလမ(နိုင်)၁၃၃၄၉၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/33012, Zhineng 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးထိုက် ၁၄/ကကထ(နိုင်)၁၅၆၈၃၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

# မူးယစ်ကိုပစ် ပန်းတိုင်သစ်
# စိတ်သစ် လူသစ် ဘဝသစ်

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ (၃)ရပ်ကွက်၊ အကွက်အမှတ်/အမည် (၂-ယိုးဒယားတန်း)၊ ဦးပိုင်အမှတ်(၁၄/စ)၊ ဧရိယာ (၀.၀၅၃)ဧကအား ဦးစိုးနိုင်အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဦးစိုးနိုင်အမည်ဖြင့် မြေငှားဂရန်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျုံပျော်မြို့၊ အောင်ဆန်းရပ်ကွက်၊ ကွင်းအမှတ် (၁၀၁၈)၊ ဘူးပင်ကွင်း၊ ဦးပိုင်အမှတ်(၅၆၈က)၊ ဧရိယာ(၀.၀၄၅)ဧကရှိ မြေအား ဦးကျော်မင်းဦး-ဒေါ်သူဇာနွယ်အမည်ဖြင့် မြေငှားဂရန် (အသစ်) လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျုံပျော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်(အသစ်) ထုတ်ပေးခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ကျုံပျော်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၂၉၇၅၀, Canda-125 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်နိုင်ဝင်း ၉/မတလ(နိုင်) ၃၄၀၂၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

**❖ နိုင်ငံစီးပွား တိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။






အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်နိုင်ငံ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားတွင် ကျေးဇူးတင်ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်နိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြား

နေပြည်တော် ဧပြီ ၈

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်လျှင်နှင့် နောက်ဆက်တွဲလျှင်များကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံသို့ အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လာရောက်လုပ်ဆောင်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းစဉ်များ ပြီးမြောက်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် တရုတ်နိုင်ငံ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုနှုတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်၍ ကျေးဇူးတင်ဂုဏ်ပြုအမှာစကား ပြောကြားသည်။

*စာမျက်နှာ ၆ ကော်လံ ၁ ❋*

**ယနေ့ သတင်းအညွှန်း**

**ရေလှောင်တမံများ၏ ကြံ့ခိုင်မှုကို မျက်ခြည်မပြတ်စောင့်ကြည့် စစ်ဆေးလျက်ရှိ**
ပြည်တွင်းသတင်း စာ ၁၁

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ မဟာသင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် အထူးရထားခရီးစဉ်များ ပြေးဆွဲမည်**
ပြည်တွင်းသတင်း စာ ၁၇

**လျှင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ**
ပြည်တွင်းသတင်း စာ ၁၉